# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မှုန်းလဆန်း (၇) ရက် ၊ တနင်္ဂနွေနေ့ ၊ (19-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၀၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘဏ်များနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့်ကောလာဟလများသည် မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နယ်ဘဏ်ခွဲအချို့သည် မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူ၍ ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များတွင် အဆိုပါသတင်းများကိုဖော်ပြပြီး ပြည်သူ့ငွေများဆုံးရှုံးကာ ပြည်သူများက ဘဏ်များမှ ငွေများထုတ်ယူ၍ မရတော့သကဲ့သို့ သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူများက စိုးရိမ်ပူပန်မှုများဖြင့်တက်ကာ ဘဏ်များမှ ငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေသည်ကို ကြားသိနေရပါသည်။

မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်ခုတစ်ခုကြောင့်ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့်အခြေအနေမျိုးဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့်ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် ဘဏ်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

စာမျက်နှာ ၁၉ ကော်လံ ၁

## ရန်ကုန်သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စက်သုံးဆီသယ်ယာဉ်(Bowser)များဖြင့် စက်သုံးဆီများ နေ့စဉ်ပို့ဆောင်လျက်ရှိ



သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ ဆီသယ်ယာဉ်(Bowser)များ ဆီဖြည့်တင်းနေစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

သီလဝါဆိပ်ကမ်းဒေသကြီးရှိ Denko Terminal၊ Max Terminal၊ MMTM Terminal၊ Brighter Energy Terminal၊ PSW Terminal၊ Regency SPC Terminal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal တို့မှ စက်သုံးဆီများကို ဆီသယ်ယာဉ်(Bowser)များဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ နေ့ညမရွေး အဆက်မပြတ်ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၂၆၁ ဆိုင်သို့ ဆီသယ်ယာဉ်(Bowser) ၁၆၀၂ စီးဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၄




ရတနာပုံ
၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# ယာဉ်နှင့်လမ်းအန္တရာယ်ဖြစ်ပွားမှု လျော့ပါးရေး

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများသည် ကမ္ဘာ့နိုင်ငံတိုင်းအတွက် ပြဿနာကြီးတစ်ရပ်အဖြစ် ကြီးမားလာနေခြင်းကို ဟန့်တားထိန်းချုပ်နိုင်ရေးအတွက် **Road Safety** ကိစ္စရပ်အပေါ် ကမ္ဘာတစ်ဝန်းလုံးက အထူးအလေးအနက်ထား ဆောင်ရွက်လာကြပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ **(WHO)** က ပြုစုထုတ်ပြန်သည့် အစီရင်ခံစာအရ **Road Accident** ကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် အသက်ဆုံးရှုံးနေကြရပြီး လူဦးရေသန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံတွင်လည်း မော်တော်ကား၊ မော်တော်ဆိုင်ကယ် စသော စက်တပ်ယာဉ်များ သုံးစွဲမှုတိုးတက်အသုံးပြုမှုများပြားလာလျက်ရှိရာ မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်သော ယာဉ်ထိခိုက်မှု၊ လူထိခိုက်မှုအန္တရာယ်ကလည်း များပြားလျက်ရှိနေသည်။ လူထိခိုက်မှုသက်သာလျော့ပါးစေရန် မော်တော်ယာဉ်များတွင် ယာဉ်မောင်းသူ၊ စီးနင်းသူတို့ အသက်ကယ်ခါးပတ် သတိတရပတ်ထားကြရန်လိုအပ်ပြီး မော်တော်ဆိုင်ကယ်တွင် မောင်းသူ၊ စီးနင်းသူတို့နှစ်ဦးစလုံး ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်၍ စီးနင်းကြရန် လိုအပ်ပေသည်။

နိုင်ငံအတွင်း ယာဉ်တိုက်မှုဖြစ်စဉ်များကို လေ့လာကြည့်ပါက လူ့ပယောဂကြောင့်ဖြစ်သော ယာဉ်တိုက်မှုများက ၉၄ ရာခိုင်နှုန်းပါဝင်သော်လည်း တစ်ဖက်က ပတ်ဝန်းကျင်အနေအထား၊ လမ်းတည်ဆောက်ပုံအနေအထား၊ လမ်းဒီဇိုင်း၊ လမ်းအဆင့်အတန်းများကလည်း ယာဉ်တိုက်မှုတွင် ကဏ္ဍတစ်ခုအဖြစ် ဆက်စပ်ပါဝင်နေကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ **(NRSC)** ၏ (၂၀၂၂ ခုနှစ်) နှစ်ချုပ်အစီရင်ခံစာအရ သိရှိရသည်။

လမ်းတစ်ခုကို စတင်တည်ဆောက်ချိန်ကတည်းက **Road Safety** အတွက် ထည့်သွင်းစဉ်းစားခြင်း၊ လမ်းညွှန်း၊ လမ်းအမှတ်အသားများနှင့် အချက်ပြစနစ်များကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်တပ်ဆင်ခြင်းနှင့် တည်ဆောက်မှုပုံစံဒီဇိုင်းများကို စနစ်တကျသုံးသပ်တွက်ချက်တည်ဆောက်ခြင်းများသည် ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အလွန်အရေးပါသည့် လိုအပ်ချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကဏ္ဍအလိုက် တိုးတက်အောင် အလေးထားကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ယာဉ်မတော်တဆမှုများသည် အဓိကအားဖြင့် လူ့ပယောဂကြောင့် ပေါ်ပေါက်လာသော ပြဿနာဖြစ်သည့်အတွက် လူတစ်ဦးချင်းစီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကိုယ်စီလိုက်နာစောင့်ထိန်းကြရပါမည်။ မိမိတို့ အသုံးပြုသည့် ယာဉ်အသီးသီး၏ ကြံ့ခိုင်မှုကောင်းအောင်လည်း စစ်ဆေးကြရပါမည်။ လုံခြုံစိတ်ချမှုရှိသည့်လမ်းများနှင့် လမ်းအသုံးပြုသူတိုင်း လမ်းစည်းကမ်းနှင့်အညီ ပြုမူကြမည်ဆိုပါက ယာဉ်မတော်တဆမှုများနှင့် လူထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများ လျော့နည်းကျဆင်းသွားမည်သာဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူအပေါင်းတို့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အလေးထားလိုက်နာမှု၊ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုများသည် တစ်နိုင်ငံလုံး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှု လျော့ပါးရေးအတွက် ထိရောက်သောတိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ရောဝတီမြစ်အတွင်း မန္တလေးမြို့နှင့် မင်းကွန်းဒေသအနီးတွင် သောင်ထွန်းမှုများဖြစ်ပေါ်နေ၍ ရေယာဉ်များသတိပြုသွားလာသင့်ဟုဆို

**မန္တလေး နိုဝင်ဘာ ၁၈**

ဧရာဝတီမြစ်အတွင်း မန္တလေးမြို့နှင့် မင်းကွန်းဒေသအနီးတွင် သောင်ထွန်းမှုများဖြစ်ပေါ်နေ၍ ရေယာဉ်များ သတိပြုသွားလာသင့်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးမြို့နှင့် မင်းကွန်းဒေသအနီးတွင် သောင်ထွန်းနေသဖြင့် ရေယာဉ်များ အန္တရာယ်မဖြစ်စေရန် ရေလမ်းညွှန်ဌာနက စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုအပ်ကြောင်း သိရသည်။

"မန္တလေးမြို့နဲ့ မင်းကွန်းဒေသအနီးမှာ သောင်ထွန်းတာတွေဖြစ်ပေါ်နေလို့ ရေလမ်းကြောင်းအသုံးပြုသွားလာမဲ့ ကုန်တင်ရေယာဉ်တွေ၊ ခရီးသည်တင်ရေယာဉ်တွေ၊ ရုပ်ပြေးအမြန်ရေယာဉ်တွေအနေနဲ့သတိပြုသွားလာသင့်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်ထိကို ရေနည်းကာလအဖြစ်သတ်မှတ်ထားပြီး ရေနည်းချိန်ကာလအတွင်း ရေယာဉ်များ သောင်တင်ခြင်း၊ ရေလမ်းကြောင်းအတွင်း မတော်တဆမှုဖြစ်ပွားခြင်းများ မဖြစ်ပေါ်စေရန် သတ်မှတ်ထားသော ရေစူးကန့်သတ်ချက်နှင့်အညီ တင်ဆောင်၍ စနစ်တကျခုတ်မောင်းကြရန် လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ဦးရေ ၁၇,၂၅၉၀ လာရောက်ဖူးမြော်ကြကြောင်းသိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ တန်ဆောင်တိုင်ကာလနီးလာပြီဖြစ်တာကြောင့် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုပြီး အပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲပြုလုပ်ပေးထားပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်ကြပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၄၅၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၇၁၆၀၉ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၅၂၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

## ယခုဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ဝင်ငွေတိုးရေး အသက်မွေးဝမ်းကျောင်းသင်တန်း လေးကြိမ် ဖွင့်လှစ်ပေးပြီးဖြစ်

**မန္တလေး နိုဝင်ဘာ ၁၈**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ဝင်ငွေတိုးရေး အသက်မွေးဝမ်းကျောင်းသင်တန်း လေးကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်တွင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ၎င်းစီမံကိန်းလေးခုသည် ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု စီမံကိန်း၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးစီမံကိန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာများဖော်ဆောင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးစီမံကိန်းတို့ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းများအတွက် ဖွင့်လှစ်သင်ကြားပေးသွားရန် သင်တန်း ရှစ်ကြိမ် လျာထားခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်ထိ သင်တန်းလေးကြိမ် ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်အတွင်းမှာတော့ အသေးစားထုတ်ကုန်များဖန်တီးနိုင်ရေးနဲ့ ဝင်ငွေတိုးတက်ရေးဆိုပြီး စီမံကိန်းလေးခု လျာထားပြီးတော့ ဂူလိုင်လကနေစပြီး ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ ကျေးလက်နေပြည်သူတွေ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနဲ့ လုပ်ငန်းရှင်တွေပေါ်ထွက်ရေးကို ဆောင်ရွက်ပေးနေတာပါ။ လက်ရှိဒီစီမံကိန်းတွေကနေပြီး ဝင်ငွေတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း လေးကြိမ်ကို ဖွင့်လှစ်သင်ကြားပေးပြီးဖြစ်ပါတယ်။ သင်တန်းဆင်းပြီး လုပ်ငန်းထူထောင်သူ ငါးယောက်ကိုလဲ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ယခုဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဆိုပါစီမံကိန်းများမှာ ပြင်ဦးလွင်ခရိုင်တွင် ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခုစီမံကိန်း၊ ကျောက်ဆည်ခရိုင်တွင် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးစီမံကိန်း၊ ညောင်ဦးခရိုင်တွင် အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရရှိရေး စီမံကိန်း၊ ရမည်းသင်းခရိုင်တွင် ခေတ်မီစံပြကျေးရွာများဖော်ဆောင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရေးစီမံကိန်းတို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကွန်ဟိန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကွန်ဟိန်း နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နားလီလိုင်ကျေးရွာနှင့် လိုက်ကမ်ကျေးရွာတို့၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် ဝန်ထမ်းများက ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

နားလီလိုင်ကျေးရွာ၌ အရှည် တစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၃၃၄ သန်းဖြင့်လည်းကောင်း၊ လိုက်ကမ်ကျေးရွာ၌ အရှည် သုံးမိုင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၅၄၃ သန်းဖြင့်လည်းကောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ကွင်းဆင်းကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ရွှေဆက်ကျော်ကုမ္ပဏီနှင့် ရွှေတိမ်ယံကုမ္ပဏီတို့က ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါ ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၁၇၀၊ လူ ၇၇၇ ဦးတို့အတွက် နွေရာသီရေရှားပါးသည့် ပြဿနာများပြေလည်ကာ သန့်ရှင်းသော သောက်ရေသုံးရေများ ရာသီမရွေးဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ရှိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးတင်မောင်-ဒေါ်ခင်မြမြ မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီဝဏ္ဏကျော်ထင် ဦးမောင်ကို၊ စီမံအထွေထွေ အတွင်းရေးမှူး သီဟသုဓမ္မဇောတိကဓရ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၈၀၀ ကျော်စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၆၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲကြီးဧက ၁၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ဧကများကိုလည်း ဆက်လက် စိုက်ပျိုးနေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ပဲကြီးဧက ၆၈၀၀ စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ဧက ၁၈၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးလျာထားဧက ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# သရက်မြို့နယ် ဘော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီထွက်သီးနှံစိုက်တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ဘော်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အသင်းဝင်များအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုသည့် အချက်များ၊ ကျေးရွာနေ ပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘော်ကျေးရွာရှိ ဆီထွက်သီးနှံ စိုက်ပျိုးမည့်တောင်သူ ၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀၀ ဒသမ ၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ မအူပင်မြို့သို့ အောက်တိုဘာလအတွင်းက မွေးမြူရေးကြက် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ မအူပင်မြို့သို့ အောက်တိုဘာလအတွင်းက မွေးမြူရေးကြက် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ မအူပင်မြို့သို့ စက်တင်ဘာလအတွင်းက မွေးမြူရေးကြက်ပိဿာချိန် ၇၁၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ မွေးမြူရေးကြက် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ မွေးမြူရေးကြက်များ မအူပင်မြို့နယ်ဘက်က ဝယ်ယူမှုအားကောင်းလျက်ရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှ မွေးမြူရေးကြက်တွေကို မအူပင်မြို့နယ်ဘက်က အောက်တိုဘာလ ပထမပတ်ကနေ စတင်ပြီး ဝယ်ယူမှုအားကောင်းခဲ့တာဖြစ်ပါတယ်။ ဒေသထွက်မွေးမြူရေးကြက်တွေ မအူပင်မြို့ ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မအူပင်မြို့နယ်ဘက်က မွေးမြူရေးကြက်တွေ မွေးမြူမှုလျော့နည်းလာပြီး အထွက်နှုန်းကျဆင်းလာလို့ အဝယ်လိုက်နေတာပါ။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်မှာ မွေးမြူရေးကြက်သား ဝယ်ယူမှုအားကောင်းလာတော့ မွေးမြူရေးလုပ်ငန်းရှင်တွေက ထပ်တိုးမွေးမြူဖို့လုပ်နေပါတယ်။ ဒီဘက်မှာက မွေးမြူရေးလုပ်ငန်းရှင်တွေက မွေးမြူရေးကြက်ကို အများဆုံးမွေးမြူကြပါတယ်" ဟု ဒေါ်ယုဝေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ မအူပင်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးကြက်ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါကြက်၏ သက်တမ်းသည် ကြက်ပေါက်စတင်မွေးမြူချိန်မှ ရောင်းချချိန်ထိ ၄၅ ရက်မှ ရက် ၅၀ ထိကြာမြင့်ကြောင်း၊ ယခင်က ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၉၀၀ သာဝယ်ယူခဲ့ရပြီး ယခုအခါ ငွေကျပ် ၁၅၀၀ ထိ ဝယ်ယူမွေးမြူရကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အရည်အသွေးကောင်းရန် ကုန်ထုတ်လုပ်သူ၏အမြင်နှင့် စီမံခန့်ခွဲခြင်း

မျိုးသူ(ကုန်သွယ်မြှင့်)

ကုန်ပစ္စည်းထုတ်လုပ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ရောင်းချသူနှင့် စားသုံးသူ နှစ်ဖက်၏အမြင်များ၊ ရှုထောင့်များသည် ကွဲပြားကြသည်သာဖြစ်သည်။ သို့ရာတွင် ကုန်ထုတ်လုပ်သူများနှင့် စားသုံးသူများသည် Fitness for consumer use (Fit for Use)ဟူသော နေရာတွင် လာရောက်ဆုံမှတ်ဖြစ်ရသည်။ ဆိုလိုသည်မှာ စားသုံးသူများ၏ ကြိုက်နှစ်သက်မှုနှင့်တိုက်ဆိုင်ပြီး ဝယ်ယူစားသုံးခြင်းတွင် အဆုံးသတ်နိုင်မှသာ ကုန်ထုတ်လုပ်သူများအတွက် ရည်ရွယ်ချက်ပေါက်မြောက်မည်၊ အကျိုးအမြတ်ရှိမည်ဖြစ်သည်။ စားသုံးသူများ ကျေနပ်နှစ်သက်မှုရအောင် ဆောင်ရွက်ပေးနိုင်ရန် အလွန်အရေးကြီးသည်။ ထိုသို့ စားသုံးသူများ ရှုထောင့်မှ လိုအပ်ချက်များရရှိစေရန် ကုန်ထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုပေးသူများသည် မည်သို့ဆောင်ရွက်ရမည်နည်း။

**ကုန်ထုတ်လုပ်သူနှင့် ဝန်ဆောင်မှုပေးသူဘက်ရှုထောင့်မှအရည်အသွေး**

စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူရန် ကြည့်ရှုသည့်အခါတွင် တွေ့ရသောအရည်အသွေးများသည် စားသုံးသူအတွက် ယုံကြည်မှုထားနိုင်ခြင်း၊ ကြန့်အင်လက္ခဏာကောင်းမွန်ခြင်း၊ ဆောင်ရွက်နိုင်မှုများကောင်းမွန်ခြင်း၊ လိုက်လျောညီထွေရှိခြင်း၊ ဘေးကင်းလုံခြုံခြင်း၊ ကာလတစ်ခုထိ စိတ်ချရခြင်း၊ လှပတင့်တယ်ခြင်း စသည့်အချက်များကို ပေးစွမ်းနိုင်ရမည်ဖြစ်သည်။ အလားတူပင် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း စောင့်ဆိုင်းရချိန်နည်းခြင်း၊ အချိန်ကိုက်ဖြစ်ခြင်း၊ ပြီးပြည့်စုံခြင်းနှင့် လောကဝတ်ပျူငှာခြင်း၊ ယဉ်ကျေးခြင်း၊ အချိန်ကိုက်တစ်ပြေးညီ ဝန်ဆောင်မှုပေးနိုင်ခြင်း၊ နားလည်ရလွယ်ကူခြင်း၊ တိကျမှန်ကန်ခြင်းနှင့် တုံ့ပြန်မှုအားကောင်းခြင်း စသည့်အချက်များသည် စားသုံးသူများ၏ရှုထောင့်မှ စဉ်းစားသည့် အရည်အသွေးအပေါ်အမြင်များဖြစ်ကြသည်။ ထိုအရည်အသွေးများကိုရအောင် ကုန်ထုတ်လုပ်သူဘက်မှ မည်သို့စဉ်းစားဆောင်ရွက်မည်ကို လေ့လာနိုင်သည်။

ကုန်ပစ္စည်းထုတ်လုပ်သူနှင့် ဝန်ဆောင်မှုပေးသူများ၏လိုအပ်ချက်မှာ စားသုံးသူများ ကျေနပ်လက်ခံပြီး ဝယ်ယူသွားရန်နှင့် ဖောက်သည်များဖြစ်လာရန်အတွက် ထုတ်လုပ်မည့်ကုန်ပစ္စည်း၏အရည်အသွေး မည်သို့ရရှိအောင်လုပ်မည်ကို ပုံစံဒီဇိုင်းချမှတ်ရန်ဖြစ်သည်။ ထုတ်လုပ်မည့်နည်းစနစ်နှင့် နည်းလမ်းများကို ရွေးချယ်ရမည်ဖြစ်သည်။ ထိုသို့ ရွေးချယ်ပြီးလျှင် အဆိုပါကုန်ပစ္စည်းကို အရည်အသွေးအဆင့်အတန်းတစ်ခုသတ်မှတ်ပြီး အရည်အသွေးမီ၊ စံချိန်မီထုတ်လုပ်သွားရမည်ဖြစ်သည်။ အလားတူပင် ဝန်ဆောင်မှုပေးသူများဘက်မှကြည့်လျှင် လုပ်ဆောင်သည့်ဝန်ဆောင်မှုသည် အရည်အသွေးတစ်ခုမီရန်အတွက် စံချိန်စံညွှန်းတစ်ခုသတ်မှတ်ထားပြီး ထိုအရည်အသွေးများရှိစေရန် လုပ်သားများ၊ ပညာရှင်များက သတ်မှတ်သည့်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထို့ကြောင့် ကုန်ထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုပေးမည့်လုပ်ငန်းရှင်များဘက်မှကြည့်လျှင် အရည်အသွေးဆိုသည်မှာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးပင်ဖြစ်သည်။ နမူနာအားဖြင့်ဖော်ပြရလျှင် တာယာအသစ်ကို ဝယ်ယူတပ်ဆင်ပြီး မောင်းနှင်သည့်အခါတွင် ယမ်းခါနေသည်၊ တစ်ဖက်ဆွဲနေသည်ဆိုလျှင် အဆိုပါတာယာမှာ ထုတ်လုပ်ရာတွင် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီအောင် ထုတ်လုပ်ခြင်းမရှိဟုသတ်မှတ်ရမည်ဖြစ်သည်။ အလားတူပင် ဟိုတယ်တွင် တည်းခိုရန်လာရောက်သူများ အခန်းထဲသို့ရောက်သည့်အချိန်တွင် အခန်းက သန့်ရှင်းမှုမရှိလျှင် အရည်အသွေးမမီသော ဟိုတယ်၊ ဝန်ဆောင်မှုညံ့ဖျင်းသောဟိုတယ်အဖြစ် သတ်မှတ်ရမည်ဖြစ်ပြီး လုပ်ငန်းရှင်ဘက်မှကြည့်လျှင် ဟိုတယ်ဝန်ထမ်းများ၏ အရည်အသွေးသည် စံချိန်စံညွှန်းမမီခြင်းဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်သူများအနေဖြင့် ကုန်ပစ္စည်းဒီဇိုင်းသည် အရေးပါသကဲ့သို့ အဆိုပါဒီဇိုင်းကို ထုတ်လုပ်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်နိုင်မှသာ အရည်အသွေးကောင်းသော ကုန်ပစ္စည်းရရှိမည်ဖြစ်ပြီး စားသုံးသူ၏ လိုအပ်ချက်နှင့် ကိုက်ညီမည်ဖြစ်သည်။

ထိုအချက်အပြင် စားသုံးသူဘက်မှရွေးချယ်ရာတွင် ကုန်ပစ္စည်း၏ဈေးနှုန်းသည် အရေးပါသောအချက်တစ်ချက်ဖြစ်သကဲ့သို့ အဆိုပါဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ထုတ်လုပ်သူအနေဖြင့်လည်း အရေးအကြီးဆုံးအချက်တစ်ချက်ဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်ရန် ဒီဇိုင်းကို ရွေးချယ်ပြီးနောက် အရည်အသွေးမီ၊ စံချိန်စံညွှန်းမီထုတ်လုပ်ရန်အတွက် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ဆောင်ရွက်ရသည်။ ထို့နောက် ကုန်ကျစရိတ်တစ်ခုဖြင့် ထုတ်လုပ်ပြီးနောက်တွင် အခြားသော စီးပွားရေးပြိုင်ဘက်များနှင့် တူညီသော ကုန်ပစ္စည်းအမျိုးအစားကို ယှဉ်ပြိုင်ရောင်းသည့်အခါတွင် ရောင်းဈေးနှုန်းသည် အရေးပါလာပြီဖြစ်သည်။ အကယ်၍ မိမိ၏ကုန်ပစ္စည်းတန်ဖိုးသည် ကြီးမြင့်နေပြီး အခြားပြိုင်ဘက်၏ အမျိုးအစား၊ အရည်အသွေး တူညီသောကုန်ပစ္စည်းတန်ဖိုးက သက်သာနေလျှင် စားသုံးသူများက ပြိုင်ဘက်၏ကုန်ပစ္စည်းများကို ရွေးချယ်သွားမည်သာဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းထုတ်လုပ်ရန် ဒီဇိုင်းနှင့် အရည်အသွေး စံချိန်စံညွှန်းသည်လည်း မဖြစ်မနေလိုအပ်သည်။

L.L Bean International Company သည် အမဲလိုက်ဖိနပ်များ ထုတ်လုပ်ရောင်းချသော ကုမ္ပဏီတစ်ခုဖြစ်သည်။ အဆိုပါကုမ္ပဏီကို ၁၉၁၂ ခုနှစ်တွင် မစ္စတာ Leon Leonwood Bean က တည်ထောင်ခဲ့ပြီး ပထမဆုံးဖိနပ် ၁၀၀ ကို ထုတ်လုပ်ရောင်းချခဲ့သည်။ အဆိုပါ ဖိနပ် ၁၀၀ တွင် ၉၀ မှာ ကုမ္ပဏီ ပြန်ရောက်လာခဲ့သည်ဟု သိရသည်။ ချုပ်ရိုးချုပ်သား မကြိုက်သဖြင့် ပြန်ပေးခံရသည်ဟုဆိုသည်။ သို့ရာတွင် နှစ်အနည်းငယ်အတွင်း ဖိနပ်များ တိုးတက်ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ L. L Bean ၏ ခံယူချက်မှာ "ရောင်းဝယ်ရာတွင် သင့်တင့်သောအမြတ်ကိုသာယူပြီး အရည်အသွေးကောင်း၊ ဖောက်သည်များကို လူသားဆန်စွာ နွေးနွေးထွေးထွေးဆက်ဆံပါ။ နောက်တစ်ခါဝယ်ရန် ပြန်လာပါလိမ့်မည်"ဟု ခံယူချက်ဖြင့် ဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ ထို့ပြင် L. L Bean က သူ၏ကုန်ပစ္စည်းအရည်အသွေးနှင့်ပတ်သက်၍ "ဝယ်ယူသူကို ရာနှုန်းပြည့်ကျေနပ်စေရမည်"ဟု အာမခံထားသည်။ "ကြိုက်နှစ်သက်မှုမရှိလျှင် အချိန်မရွေးပြန်လာလဲလှယ်နိုင်ပါသည်"ဟု ကြေညာထားသည်။

❖ ကုန်ပစ္စည်းထုတ်လုပ်ရန် ဒီဇိုင်းကိုရွေးချယ်ပြီးနောက် အရည်အသွေးမီ၊ စံချိန်စံညွှန်းမီထုတ်လုပ်ရန်အတွက် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ဆောင်ရွက်ရသည်။ ထို့နောက် ကုန်ကျစရိတ်တစ်ခုဖြင့် ထုတ်လုပ်ပြီးနောက်တွင် အခြားသော စီးပွားရေးပြိုင်ဘက်များနှင့် တူညီသော ကုန်ပစ္စည်းအမျိုးအစားကို ယှဉ်ပြိုင်ရောင်းသည့်အခါတွင် ရောင်းဈေးနှုန်းသည် အရေးပါလာပြီဖြစ်သည်။ အကယ်၍ မိမိ၏ကုန်ပစ္စည်းတန်ဖိုးသည် ကြီးမြင့်နေပြီး အခြားပြိုင်ဘက်၏ အမျိုးအစား၊ အရည်အသွေး တူညီသောကုန်ပစ္စည်းတန်ဖိုးက သက်သာနေလျှင် စားသုံးသူများက ပြိုင်ဘက်၏ကုန်ပစ္စည်းများကို ရွေးချယ်သွားမည်သာဖြစ်သည်။ ❖

အနှစ်ချုပ်အနေဖြင့်ဆိုလျှင် စားသုံးသူ၊ ဝယ်ယူသူများဘက်မှ အရည်အသွေးအပေါ်အမြင်များမှာ အရည်အသွေးဆိုင်ရာကုန်ပစ္စည်း၏ အရည်အချင်းများဖြစ်ပြီး ဝန်ဆောင်မှုများတွင် လုပ်ငန်း၏အရည်အသွေးသည် ဝန်ထမ်းများနှင့် လုပ်သားများ၏ဆက်ဆံရေးပေးသည့်အချက်များဖြစ်သည်။ အခြားတစ်ချက်မှာ ဈေးနှုန်းဖြစ်သည်။ ကုန်ထုတ်လုပ်သူများဘက်မှ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အရည်အသွေးဆိုသည်မှာ ကုန်ပစ္စည်း၏ဒီဇိုင်းနှင့် စံချိန်စံညွှန်းများပြည့်မီရေးဖြစ်ပြီး ကုန်ကျစရိတ်အသက်သာဆုံး သုံးစွဲခြင်းဖြစ်သည်။ သို့ရာတွင် အဆိုပါ စားသုံးသူနှင့် ကုန်ထုတ်လုပ်သူတို့၏ဆုံမှတ်မှာ Fitness for Consumers use. (Fit for Use)ဟူသော ဝယ်ယူစားသုံးသူများအတွက် သင့်တော်မှုရှိရေးပင်ဖြစ်သည်။

**အရည်အသွေးစီမံခန့်ခွဲရေးစနစ်**

အရည်အသွေးနှင့်ပတ်သက်သည့် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ထားရှိရမည့်ဒီဇိုင်း၊ သတ်မှတ်ချက်စံချိန်စံညွှန်းများနှင့် လုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် အဆိုပါအရည်အသွေးကို စံချိန်စံညွှန်းမီအောင်ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းရန်နှင့် သင့်တင့်သောအကျိုးအမြတ်ရရန်၊ စားသုံးသူများသည် ယှဉ်ပြိုင်ဘက်များကြားမှ မိမိကုန်ပစ္စည်းကို နှစ်သက်ဝယ်ယူရန်ဟူသောအချက်များကို တစ်ပြိုင်နက်စီမံခန့်ခွဲရန်လိုအပ်သည်။ ထိုအထဲတွင် သတ်မှတ်ထားသော အရည်အသွေးအတိုင်း စံချိန်မီကုန်ပစ္စည်းများရရှိရေးအတွက် အရည်အသွေးကို စီမံခန့်ခွဲသည့်စနစ်များ စီစဉ်ဆောင်ရွက်လာကြသည်။

ထိုသို့ စီမံခန့်ခွဲရန် ဆောင်ရွက်ကြသူများတွင် ၁၉၄၀ ပြည့်နှစ်များက ပညာရှင် ဒီမင်ဆိုသူတစ်ဦး ပေါ်ထွက်ခဲ့ပြီး သူ၏နည်းစနစ်များသည် ကျယ်ပြန့်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဒီမင်၏ နည်းစနစ်တကျ အရည်အသွေးထိန်းချုပ်သောနည်းပညာကို အင်ဂျင်နီယာပေါင်း ၁၀၀၀ ကျော်ကို သင်တန်းများပေးနိုင်ခဲ့သည်။ စစ်ကြီးပြီးသည့်နောက်ပိုင်းတွင် ဒီမင်သည် ဂျပန်နိုင်ငံသို့ရောက်ရှိပြီး အရည်အသွေးစီမံခန့်ခွဲခြင်းနည်းစနစ်များကို သင်ကြားပို့ချပေးခဲ့သည်။ ထိုအချိန်က ဂျပန်နိုင်ငံထုတ်ကုန်ပစ္စည်းများမှ အရည်အသွေးကောင်းမွန်ခြင်းမရှိသေးသည်ကို တွေ့နိုင်သည်။ ဒီမင်က ဂျပန်နိုင်ငံ၏အရည်အသွေးထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲသည့်နည်းစနစ်များကို သင်ကြားပို့ချခဲ့ပြီး ဂျပန်နိုင်ငံထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးတိုးတက်လာရန် အထောက်အကူများစွာပေးနိုင်ခဲ့သည်။ ထို့ကြောင့်ပင် ဒီမင်ကို အရည်အသွေးထိန်းသိမ်းရေး၏ဖခင်ဟုပင် ခေါ်ဆိုလာကြသည်။ ဒီမင်၏ 14 Points of Deming နှင့် PDCA Cycle တို့သည် ထင်ရှားကျော်ကြားပြီး ယနေ့အချိန်ထိပင် လေ့လာဆောင်ရွက်နေရဆဲဖြစ်သည်။

**PDCA Cycle**

PDCA Cycle ဆိုသည်မှာ ဒီမင်၏ အရည်အသွေးစီမံခန့်ခွဲခြင်းဘီးဟုလည်းခေါ်ကြသည်။ အဆိုပါအချက်လေးချက်မှာ အရည်အသွေး စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် အခြေခံကျသောအချက်များဖြစ်သည်။ P = Plan, D = Do, C= Check/Study, A = Act တို့ဖြစ်ကြသည်။ ပထမဆုံးအချက်မှာ စီမံချက်ချမှတ်ရန်ဖြစ်သည်။ လုပ်ကိုင်မည့်လုပ်ငန်း၊ ထုတ်လုပ်မည့်ကုန်ပစ္စည်းအတွက် မည်သို့ဆောင်ရွက်မည်ဆိုသည့်အချက်များကို သေချာစွာရေးချပြီး စီမံချက်တစ်ခု ရေးဆွဲထားရန်ဖြစ်သည်။ ထို့နောက်တွင် အဆိုပါစီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်သည်။ တတိယအချက်အနေဖြင့် စီမံချက်အတိုင်း အကောင်အထည်ဖော်နေသောလုပ်ငန်းများကို စိစစ်သွားရန်နှင့် ပြန်လည်သုံးသပ်သွားရန်ဖြစ်သည်။ ထို့နောက်တွင် သုံးသပ်ချက်များအရ ပြင်ဆင်ဆောင်ရွက်သွားရန်ဖြစ်ပြီး ထိုသို့ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်သောလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

**PDCA Cycle**




အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုပေးခြင်းများသည် စားသုံးသူများ၊ ဖောက်သည်များ ဝယ်ယူစားသုံးကြစေရန်နှင့် ထုတ်လုပ်သူနှင့် လုပ်ငန်းရှင်တွင် ထိုက်သင့်သော အကျိုးအမြတ်ခံစားနိုင်ရန်မှာ အဓိကရည်မှန်းချက်ဖြစ်သည်။ ထို့ပြင် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် ယှဉ်ပြိုင်ဘက်များနှင့် ပြိုင်ဆိုင်ရာတွင် ယှဉ်ပြိုင်အနိုင်ရစေရန်လည်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အရည်အသွေးကောင်းမွန်ရေးသည် စားသုံးသူ၊ ဝယ်ယူသူများ ကြိုက်နှစ်သက်စေရေးပင်ဖြစ်သည်။ ထို့ကြောင့် အကျိုးအမြတ်နှင့် အရည်အသွေးသည် ဆက်စပ်နေသဖြင့် အရည်အသွေးကောင်းပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်လာနိုင်ရန်နှင့် ထိုသို့တိုးတက်မှုရရှိနေရန်အတွက် အရည်အသွေးစီမံခန့်ခွဲခြင်းနည်းစနစ်များ လိုအပ်သည်။ ထိုအထဲမှ အောင်မြင်မှုအရဆုံးဟုဆိုနိုင်သည့် အထက်ဖော်ပြပါ PDCA Cycle သည် အခြေခံအကျဆုံးနှင့် အောင်မြင်မှုအရှိဆုံးဟုဆိုနိုင်သည်။ ထို့ပြင် ၁၉၅၀ ပြည့်နှစ်ခန့်က အရည်အသွေးနိမ့်ကုန်ပစ္စည်းများသာ ထုတ်လုပ်နိုင်သော ဂျပန်နိုင်ငံသည် ဒီမင်၏ နည်းစနစ်များအပါအဝင် အရည်အသွေးစီမံခန့်ခွဲခြင်းစနစ်များဖြင့် တိုးတက်လာသည်ဟုဆိုနိုင်သည်။ ယနေ့ခေတ်တွင် ဂျပန်နိုင်ငံသည် အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်ခြင်းတွင် ထိပ်ဆုံး၌ ရပ်တည်နိုင်လာပြီဖြစ်သည်။ ထို့ကြောင့် ရေရှည်ကုန်ထုတ်လုပ်ရေး၊ ပြည်ပတင်ပို့ရေးတို့အတွက် အရည်အသွေးသည်သာ အဓိကဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **Russell & Taylor's Operations management 7th edition.**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၃၇၆၆ ဧကစိုက်ပျိုးပြီးစီး

**ကျောက်မြောင်း နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၃၇၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၈၉၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၇၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။


“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲမျိုးစုံ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ပဲမျိုးစုံစိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးနေပါတယ်”ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၄၅ ဧက၊ ပဲတီစိမ်း ၃၉၁၉ ဧက၊ ထောပတ်ပဲ ၁၃၀၂ ဧက၊ စွန်တာပြာ ၂၄၆၂ ဧက၊ ပဲစင်းငုံ ၆၀၀၃ ဧက၊ အခြားပဲ ၃၅ ဧက စုစုပေါင်း ၁၃၇၆၆ ဧကဖြစ်ကြောင်း၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မတ်ပဲ ၁၃၅ ဧက၊ ပဲတီစိမ်း ၅၃၇၁ ဧက၊ ထောပတ်ပဲ ၁၂၄၅ ဧက၊ စွန်တာပြာ ၂၂၄၁ ဧက၊ ပဲစင်းငုံဧက ၅၈၅၀၊ အခြားပဲ ဧက ၅၀ စုစုပေါင်း ၁၄၈၉၂ ဧကဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မတ်ပဲ ၁၂၆၅ ဧက၊ ထောပတ်ပဲ ၁၀၁၅ ဧက၊ စွန်တာပြာ ၂၈၇၂ ဧက၊ ကုလားပဲဧက ၃၃၀၊ ပဲလွမ်း ၅၇ ဧက၊ ပဲဖြူကလေးဧက ၂၅၀၊ ပဲကျား ၆၀၂ ဧက စုစုပေါင်း ၆၃၉၁ ဧကဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

# သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သံဖြူဇရပ် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရုပ္ပိကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကရုပ္ပိကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းနှစ်တွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်နှစ်ကန် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံနှစ်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၃ ဒသမ ၆၂ သန်းဖြင့် ငွေကြယ်ပွင့်ကုမ္ပဏီမှတာဝန်ယူ၍ စက်တင်ဘာ ၁၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကရုပ္ပိကျေးရွာရှိ ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက ပြောပြ၍ သိရသည်။

**ချိုလေး**

# ပန်းတိုင်သို့

\- ကိုယ်ပိုင်ဉာဏ် အစွမ်းအစ
ခွန်အားပြ ကြိုးစားပါ၊
တိုးတက်မည် အစဉ်မလွဲ
အောင်ပွဲရှိမှာ၊
ရှုံးနိမ့်ခြင်း မပူကာ
ရှေ့သို့သာ ရောက်စေရေး၊
တစ်နေ့ဝယ် အောင်မြေနင်းမယ်
ဇွဲသွင်းကြလေး။

\- လောကမှာ တိုးတက်ဖို့
နည်းလမ်းတို့ ရှိနေသည်၊
အပျင်းကို ရှေ့မထား
နိုးကြားရမည်၊
ပန်းတိုင်သို့ ဆက်လက်ချီ
ရိုးသားတည် စိတ်နှလုံး၊
မကောင်းကြံ ကောင်းမှုပြုကွယ်
တွေးရှုဝလေ့ထုံး။

\- လမ်းမှန်ကို လျှောက်လှမ်းကြ
ပန်းတိုင်က စောင့်ကြိုနေ၊
ဖြတ်လမ်းတွေ အလွယ်မလိုက်
မိုက်မဲရှောင်စေ၊
ကိုယ်ပိုင်အသိ ဉာဏ်စွမ်းတွေ
ဖော်ထုတ်လေ လှုပ်ရှား၊
ပန်းတိုင်ဆီ အရောက်လှမ်းဖို့
ကြိုးပမ်းစေသား။ ။

**ဖြိုးထက်(ရေစကြို)**

# ညောင်ရွှေမြို့နယ် သပြေကုန်း(အောက်)ကျေးရွာ၌ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းဆင်း

**ညောင်ရွှေ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုံမှန်ကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေး သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက သင်တန်းမှပို့ချပေးသည့် စိုက်ပျိုးရေးနည်းပညာများနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များကို သေချာစွာလိုက်နာပြီး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လက်တွေ့လိုက်နာဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းသားများထံ သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သပြေကုန်း(အောက်)ကျေးရွာမှ သင်တန်းသား ၁၀ ဦးနှင့် သင်တန်းသူ ၁၀ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၆ ရက်မှ ယနေ့ထိ သုံးရက်ကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

## နိုင်ငံတကာ သတင်းများ

# မော်လ်ဒိုက်နိုင်ငံသမ္မတသစ်အဖြစ် မူအစ်ဇူ ကျမ်းသစ္စာကျိန်ဆို

**မာလေ နိုဝင်ဘာ ၁၈**

မော်လ်ဒိုက်နိုင်ငံ သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် သမ္မတလောင်း မိုဟာမက်မူအစ်ဇူသည် နိုဝင်ဘာ ၁၇ ရက်တွင် မော်လ်ဒိုက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ယခုနှစ်စက်တင်ဘာလအတွင်း ကျင်းပခဲ့သည့် မော်လ်ဒိုက်သမ္မတရွေးကောက်ပွဲတွင် မူအစ်ဇူသည် သမ္မတ အီဘရာဟမ်မိုဟာမက်ဆိုလီကို အနိုင်ရရှိခဲ့သူ ဖြစ်ကြောင်း သိရသည်။

မိမိအနေဖြင့် မော်လ်ဒိုက်ကျွန်းစု၌ ပြည်ပတပ်များတပ်စွဲထားမှုမျိုးမရှိစေရေးအတွက် သံတမန်နည်းလမ်းဖြင့် ကြိုးပမ်းမည်ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်း၌ သမ္မတ မူအစ်ဇူက ပြောကြားခဲ့သည်။


မော်လ်ဒိုက်နိုင်ငံ၌ တပ်စွဲထားသည့် အိန္ဒိယတပ်ဖွဲ့ဝင်များကို ဖယ်ရှားရေးနှင့် အိန္ဒိယနှင့်မော်လ်ဒိုက်နှစ်နိုင်ငံကုန်သွယ်မှုကို ချိန်ညှိရေးတို့သည် မူအစ်ဇူ၏ အဓိက ရွေးကောက်ပွဲ ကတိကဝတ်များဖြစ်သည်။

မော်လ်ဒိုက် သမ္မတဟောင်း ဆိုလီမှာ အိန္ဒိယဦးစားပေးမူဝါဒကိုင်စွဲထားသူ ဖြစ်သော်လည်း သမ္မတသစ် မူအစ်ဇူကို တရုတ်နိုင်ငံအားလိုလားသူအဖြစ် အများက မှတ်ယူထားသည်။

မူအစ်ဇူသည် ဒီမိုကရေစီ ရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံခဲ့ရသောပဥ္စမမြောက် မော်လ်ဒိုက်သမ္မတ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# ဂါဇာတောင်ပိုင်း စန်ယူနစ်မြို့ရှိ အရပ်သားများ မြို့မှထွက်ခွာရန် အစ္စရေးစစ်ဘက် သတိပေး

**ဂျေရုဆလင် နိုဝင်ဘာ ၁၈**

ဂါဇာကမ်းမြောင် တောင်ပိုင်းမြို့ဖြစ်သည့် စန်ယူနစ်မြို့ရှိ ပါလက်စတိုင်းလူမျိုးများ မြို့တွင်းမှထွက်ခွာရန် အစ္စရေးစစ်ဘက်က သတိပေးထားကြောင်း ယနေ့သတင်းများ၌ ရေးသားဖော်ပြထားသည်။

ပါလက်စတိုင်း အရပ်သားများ မြို့တွင်းမှထွက်ခွာ၍ လုံခြုံသည့်နေရာများသို့ ရွှေ့ပြောင်းကြရန် သတိပေးထားသည့် လက်ကမ်းစာရွက်များကိုအစ္စရေးစစ်လေယာဉ်များက စန်ယူနစ်မြို့ပေါ်သို့ ကြဲချထားကြောင်း သိရသည်။

စန်ယူနစ်မြို့တွင်းရှိပါလက်စတိုင်းလူမျိုးများရွှေ့ပြောင်းပေးရန်မိမိတို့တောင်းဆိုထားကြောင်း၊တိုက်ပွဲများအတွင်း အရပ်သားများ ကြားညပ်မည့်အရေးမိမိတို့မတွေ့လိုကြောင်း အစ္စရေးအစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စန်ယူနစ်မြို့မှ ထွက်ခွာပေးရန် ပါလက်စတိုင်းများကို မြို့တွင်းမှထွက်ခွာရန်တောင်းဆိုထားမှုသည် အစ္စရေးစစ်ဘက်အနေဖြင့် ဂါဇာကမ်းမြောင်တောင်ပိုင်းကိုပါ ဆက်လက်ထိုးစစ်ဆင်၍ ဟားမတ်စ်အုပ်စုကိုတိုက်ခိုက်ရန် ရည်ရွယ်ထားကြောင်း ပြသနေသည့် လက္ခဏာဖြစ်သည်။

ဂါဇာအခြေစိုက်ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို အောက်တိုဘာ ၇ ရက်တွင် တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်မြောက်ပိုင်းနှင့် ဂါဇာစီးတီးမြို့တို့ရှိ ဟားမတ်စ်အုပ်စုဝင်များကိုမြေပြင်စစ်ဆင်ရေးများဖြင့် တိုက်ခိုက်ခဲ့သည်။

ဂါဇာတောင်ပိုင်းစန်ယူနစ်မြို့သည် ပါလက်စတိုင်းလူမျိုး ၄၀၀၀၀၀ ကျော်နေထိုင်ရာမြို့ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ တွေ့ဆုံဆွေးနွေး



**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာတို့သည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ယနေ့တွင် တွေ့ဆုံဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့သည် တောင်တရုတ်ပင်လယ်ဒေသ တင်းမာမှုများကို လျှော့ချရန် ဆွေးနွေးခဲ့ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ကျင်းပခဲ့သည့် ဆွေးနွေးပွဲသည် တောင်တရုတ် ပင်လယ်ဒေသ ငြိမ်းချမ်းရေး၊ ရေကြောင်းလမ်းနှင့် ရေကြောင်းလမ်းများပွင့်နေစေရေး လုပ်ငန်းစဉ်၏ အဓိကအပိုင်းကဏ္ဍဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားထားသည်။

သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည်တောင်တရုတ်ပင်လယ်ပိုင်ဆိုင်ခွင့်အငြင်းပွားရေပြင်များ၌ ဖိလစ်ပိုင်ရေလုပ်သားများ ငါးဖမ်းဆီးခွင့်ပြန်ရရေးကိုလည်းထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောများနှင့် အခြားသင်္ဘောများသည် ဖိလစ်ပိုင်၏မိုင် ၂၀၀ အထူးစီးပွားရေးဇုန် အချို့အစိတ်အပိုင်းများ၌ ဖိလစ်ပိုင်ရေလုပ်သားများဝင်ရောက်ငါးဖမ်းဆီးမှုကို တားဆီးပိတ်ပင်နေကြကြောင်း ဖိလစ်ပိုင်ရေလုပ်သားများက စောဒကတက်ထားသည်။

၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတရာထူး စတင်ရယူခဲ့သည့် ဖာဒီနန်မားကို့စ်ဂျူနီယာသည် ၎င်းအရင်သမ္မတဟောင်း ဒူတာတေးကဲ့သို့ တရုတ်ကိုပိုလိုလားသည့်မူဝါဒမျိုး ဆွဲကိုင်ထားခြင်းမရှိဘဲ အမေရိကန်နိုင်ငံနှင့်လည်း ဆက်ဆံရေးပိုမိုနွေးထွေးလာစေရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# မြောက်ကိုရီးယားဝန်ကြီးချုပ် ကင်မ်တော့ခ်ဟန် ရုရှားသဘာဝအရင်းအမြစ်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**ဆိုးလ် နိုဝင်ဘာ ၁၈**

မြောက်ကိုရီးယားဝန်ကြီးချုပ် ကင်မ်တော့ခ်ဟန်သည် ရုရှားသဘာဝအရင်းအမြစ် ဝန်ကြီးဌာနဝန်ကြီး အလက်ဇန်းဒါးကိုဇလော့ဗ်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်းနိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဝန်ကြီးချုပ် ကင်မ်တော့ခ်ဟန်သည် နိုဝင်ဘာ ၁၆ ရက်တွင် ရုရှားသဘာဝအရင်းအမြစ်ဝန်ကြီး ကိုဇလော့ဗ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဆွေးနွေးပွဲသို့ ရုရှားအားကစားဝန်ကြီး အိုလက်ဂ်မာတီစင်နှင့် မြောက်ကိုရီးယားပြည်ပစီးပွားရေးဆက်ဆံမှု ဝန်ကြီးဌာနဝန်ကြီး ယန်ဂျောင်ဟိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။


သဘာဝအရင်းအမြစ်ဝန်ကြီး ကိုဇလော့ဦးဆောင်သည့် ရုရှားကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်ကပင် ပြုံယမ်းမြို့သို့ရောက်ရှိခဲ့ပြီးစီးပွားရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့ရေးအတွက် မြောက်ကိုရီးယား တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ယခုနှစ် စက်တင်ဘာလအတွင်း တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ရုရှားနှင့် မြောက်ကိုရီးယားတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သဘာဝအရင်းအမြစ်ဝန်ကြီး ဦးဆောင်သည့် ရုရှားကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်တွင် ရုရှားသို့ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရ၏ ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# ယူကရိန်းကမ်းလွန်၌ ကုန်တင်သင်္ဘောတစ်စီး ရေမြှုပ်မိုင်းတစ်လုံးနှင့် ဝင်တိုက်ခဲ့ဟုဆို

**ကီယက်ဗ် နိုဝင်ဘာ ၁၈**

ယူကရိန်း ကမ်းရိုးတန်းကမ်းလွန်၌ ကောက်ပဲသီးနှံတင် ကုန်တင်သင်္ဘောတစ်စီးမှာ မျောနေသော ရေမြှုပ်မိုင်းတစ်လုံးဝင်တိုက်ခဲ့ဖွယ်ရှိခြင်းကြောင့် ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဖြစ်စဉ်သည် ပင်လယ်နက်ရေပြင်အတွင်း သွားလာနေသည့်ကုန်တင်သင်္ဘောများရင်ဆိုင်ခဲ့သည့် ရေကြောင်းမတော်တဆမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ယူကရိန်းဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်ထားသည့် ကုန်တင်သင်္ဘောတစ်စီး ဒုံးကျည်ထိမှန်ခံခဲ့ရပြီးနောက် စစ်ကာလအာမခံကြေးများမှာ ရေယာဉ်တစ်စီးတန်ဖိုးစုစုပေါင်း၏ သုံးရာခိုင်နှုန်းထိမြင့်တက်လာကြောင်း ပင်လယ်ရေကြောင်းအာမခံလုပ်ငန်းနယ်ပယ်မှကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်က ရေမျောရေမြှုပ်မိုင်းတစ်လုံး ဝင်တိုက်ခဲ့ဖွယ်ရှိခြင်းကြောင့် ပျက်စီးမှုအနည်းငယ်ရှိခဲ့သော ကုန်တင်သင်္ဘောမှာ လိုက်ဘေးရီးယားမှတ်ပုံတင် ဂျော်ဂျီယာအက်စ်ဘာ့ခ်အမည်ရှိကုန်တင်သင်္ဘောဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်တင်သင်္ဘောသည် ယူကရိန်းနိုင်ငံ ပီဒင်ညီဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီးနောက် ကမ်းဝေးရေပြင်တစ်နေရာ၌ ရေမြှုပ်မိုင်းဝင်တိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း ယူကရိန်းအစိုးရတာဝန်ရှိသူများကပြောကြားခဲ့သည်။


ယူကရိန်း ကောက်ပဲသီးနှံများအား ပင်လယ်နက်ဆိပ်ကမ်းများမှ ကမ္ဘာ့ဈေးကွက် တင်ပို့ခွင့်ရရေးသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ယူကရိန်းဆိပ်ကမ်းအခြေခံအဆောက်အအုံများကို တိုက်ခိုက်ခဲ့သည်ဟု ယူကရိန်းနိုင်ငံက စွပ်စွဲထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ကမ္ဘာနှင့်အနီးဆုံး နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း၏အချင်းကို တိုင်းတာနိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာနှင့်အနီးဆုံး နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း၏ အချင်းကို တိုင်းတာနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ တိုင်းတာချက်များအရ LTT1445Ac အမည်ရှိ အဆိုပါ ကျောက်သားဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေနှင့်အတူတူလောက်ပင်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါဂြိုဟ်၏ မျက်နှာပြင်မှာ အပူဓာတ်ပြင်းထန်လွန်းသည်ဖြစ်ရာ သက်ရှိများမရှိနိုင်ကြောင်း သိရသည်။

LTT1445Ac ဂြိုဟ်ကိုနာဆာ၏ တက်ခ်ဂြိုဟ်တုက ၂၀၂၂ ခုနှစ်က ပထမဆုံးရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၂၂ ဒသမ ၅ နှစ်အကွာတွင်ရှိသော သုံးစင်းတွဲကြယ်စနစ်တစ်ခုအတွင်းရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ တိုင်းတာချက်အရ LTT1445Ac ဂြိုဟ်၏အချင်းမှာ ကမ္ဘာအချင်းထက် ၁ ဒသမ ၀၇ ဆသာ ပိုကြီးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို Space-X ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုသီတင်းပတ်ကုန်တွင် စတားလင့်ခ်မစ်ရှင်နှစ်ခုလွှတ်တင်ရန်စီစဉ်ထားရာ နိုဝင်ဘာ ၁၈ ရက်မစ်ရှင်မှာ ပထမဆုံးမစ်ရှင်ဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါစတားလင့်ခ်မစ်ရှင်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မကိုယ်ထည်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၆၅ ဒသမ ၅ မိနစ် အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။




Space-X ကုမ္ပဏီသည် နိုဝင်ဘာ ၁၉ ရက်တွင်လည်း စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၂ စင်းကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## 12/P Pons: Brooks ရေခဲမီးတောင် ကြယ်တံခွန်က စတုတ္ထအကြိမ်ပေါက်ကွဲခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

ကမ္ဘာမြေဘက်ဆီသို့ ဦးတည်ပျံသန်းနေသည့် 12/P Pons: Brooks အမည်ရှိ ရေခဲမီးတောင်ကြယ်တံခွန်သည် စတုတ္ထအကြိမ်အဖြစ် ပေါက်ကွဲခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။



Pons:Brooks ကြယ်တံခွန်သည် နိုဝင်ဘာ ၁၄ ရက်က စတုတ္ထအကြိမ်အဖြစ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက် ပေါက်ကွဲမှုသည် Pons:Brooks ကြယ်တံခွန်၏ အပြင်းထန်ဆုံးနှင့် အလင်းအားအကောင်းဆုံး ပေါက်ကွဲမှုဖြစ်ခဲ့ရကြောင်း သိရသည်။

Pons:Brooks ကြယ်တံခွန် စတုတ္ထအကြိမ် ပေါက်ကွဲမှုကို အမေရိကန် အပျော်တမ်း နက္ခတ္တရူပဗေဒ လေ့လာသူတစ်ဦးက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Pons:Brooks ကဲ့သို့ ရေခဲမီးတောင်ကြယ်တံခွန်များသည် နေနှင့်နီးလာချိန်တွင် ဓာတ်ငွေ့နှင့် ရေခဲမှုန်များကို ပြင်းထန်စွာ မှုတ်ထုတ်နေတတ်သည်။

အဆိုပါကြယ်တံခွန်သည် ၂၀၂၄ ခုနှစ် ဇွန် ၂ ရက်တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်မှ ဖြတ်သန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ဟစ်ပိုကမ်းပတ်စ်ဦးနှောက်နယ်မြေ ကျုံ့ဝင်မှုက စဉ်းစားဆင်ခြင်နိုင်စွမ်းကျဆင်းမှုနှင့် ဆက်စပ်နေ

**နယူးယောက် နိုဝင်ဘာ ၁၈**

ဦးနှောက်၏အဓိကမှတ်ဉာဏ်ထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်သည့် ဟစ်ပိုကမ်းပတ်စ်ဦးနှောက်နယ်မြေ (Hippocampus)ကျုံ့ဝင်မှုသည် စဉ်းစားဆင်ခြင်နိုင်စွမ်းကျဆင်းမှုပြဿနာနှင့် ဆက်စပ်နေကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဟစ်ပိုကမ်းပတ်စ် ဦးနှောက်နယ်မြေ အရွယ်အစားကျုံ့ဝင်မှုနှင့် စဉ်းစားဆင်ခြင်နိုင်စွမ်း ကျဆင်းမှုတို့ကြား ဆက်စပ်မှုရှိမရှိ ဖော်ထုတ်ရေးအတွက် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၇၂ နှစ်ရှိ လူပေါင်း ၁၂၈ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဟစ်ပိုကမ်းပတ်စ်နယ်မြေ ကျုံ့ဝင်မှုအသိသာဆုံးလူနာများတွင် စဉ်းစားဆင်ခြင်နိုင်စွမ်း ကျဆင်းမှုပြဿနာပေါ်လာနိုင်ခြေ အမြင့်မားဆုံးဖြစ်နေတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဟစ်ပိုကမ်းပတ်စ် ဦးနှောက်နယ်မြေ အရွယ်အစားကျုံ့ဝင်လာမှုကြောင့် မှတ်ဉာဏ်စွမ်းရည်ကျဆင်းနိုင်ခြေ ၁၀ ရာခိုင်နှုန်းပိုမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုပြဿနာကို ဆေးဝါးသစ်များဖြင့် တုံ့ပြန်နိုင်ရေးအတွက် လမ်းစဖွင့်ပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဟစ်ပိုကမ်းပတ်စ် ဦးနှောက်နယ်မြေသည် ရေတိုနှင့်ရေရှည် မှတ်ဉာဏ်များကို သိမ်းပေးထားရာ ဦးနှောက်နယ်မြေဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ဝက်သက်ရောဂါကြောင့် သေဆုံးမှုနှုန်းမြင့်တက်လာ

**နယူးယောက် နိုဝင်ဘာ ၁၈**

၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ဝက်သက်ရောဂါကြောင့် ကလေးများ သေဆုံးရမှုနှုန်းမှာ မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် အမေရိကန်အစိုးရ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC) တာဝန်ရှိသူများက နိုဝင်ဘာ ၁၇ ရက်တွင် သတိပေးလိုက်သည်။

WHO နှင့် CDC ကျွမ်းကျင်သူများ၏အဆိုအရ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ဝက်သက်ရောဂါကြောင့် ကလေးများသေဆုံးမှုနှုန်းမှာ ၂၀၂၁ ခုနှစ် သေဆုံးမှုနှုန်းထက် ၄၃ ရာခိုင်နှုန်းပိုမြင့်မားလာကြောင်း သိရသည်။

၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်း ၁၈ ရာခိုင်နှုန်း မြင့်တက်လာမှုကြောင့် ကလေးသေဆုံးမှုနှုန်းလည်း မြင့်တက်လာခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကာကွယ်ဆေးထိုးနှံရသေးခြင်း မရှိသည့်ကလေးများကြား ပေါ်ပေါက်ခဲ့သည့် ရောဂါကူးစက်မှုလှိုင်းကြောင့် ၂၀၂၂ ခုနှစ်အတွင်း ကလေးသေဆုံးမှုနှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သုတေသန ပညာရှင်များ၏ တွက်ချက်မှုအရ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ဝက်သက်ရောဂါကူးစက်မှုပေါင်း ကိုးသန်းထိရှိခဲ့ပြီး သေဆုံးသူ ၁၃၆၀၀၀ ထိရှိခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း ဝက်သက်ရောဂါကျယ်ကျယ်ပြန့်ပြန့်ကူးစက်မှုဖြင့် ရင်ဆိုင်ခဲ့ရသော နိုင်ငံ ၃၇ နိုင်ငံထိ ရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးဂရစ်ဇ်မန်းကို စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူရန် မန်ယူအသင်းကြိုးပမ်း

**မန်ချက်စတာ နိုဝင်ဘာ ၁၈**

မန်ယူအသင်းသည် အေတီကိုအသင်း၌ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဂရစ်ဇ်မန်းကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၂၂ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အေတီကိုအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း မန်ယူအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၂၂ သန်းပေး၍ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၃၅၀၀၀၀ ထိ ပေးချေရန်စီစဉ်ထားပြီး ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

အသက် ၃၂ နှစ်ရှိ တိုက်စစ်မှူးသည် အေတီကိုအသင်းနှင့်သဘောတူစာချုပ်တွင် စာချုပ်ဖျက်သိမ်းကြေးကို စတာလင်ပေါင် ၂၂ သန်းသာ ချုပ်ဆိုခဲ့သဖြင့် အံ့အားသင့်ဖွယ်ရာကောင်းနေသော်လည်း ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန်ဆန္ဒရှိခဲ့ပါက ခေါ်ယူလိုသည့်အသင်းများအနေဖြင့် လွယ်ကူစွာခေါ်ယူနိုင်မည်ဖြစ်သကဲ့သို့ လက်ရှိတွင် မန်ယူအသင်းက မြင့်မားသည့်လုပ်ခလစာဖြင့်ကမ်းလှမ်း၍ ကစားသမားနှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ပြီးခဲ့သည့် ဇူလိုင်လက ဘာစီလိုနာအသင်းမှ အေတီကိုအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၆ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ကာ အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲတွင် သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်၍ ပုံစံကောင်း ရရှိနေသောကြောင့် အေတီကိုအသင်းက လက်မလွှတ်လိုသော်လည်း ကစားသမား၏ လုပ်ခလစာ မြင့်မားမှုကြောင့် ဘဏ္ဍာရေးအခက်အခဲကို ကျော်ဖြတ်နိုင်ရန် မန်ယူအသင်း၏ ကမ်းလှမ်းမှုကို လက်ခံဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik
Trs : ML



## အားကစားသတင်း အတိုအထွာများ

- သောမတ်ပါတေးအနေဖြင့် ဂျူဗင်တပ်အသင်းသို့ပြောင်းရွှေ့ရန် ချိတ်ဆက်နေသောကြောင့် အာဆင်နယ်အသင်းက ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် မန်စီးတီးအသင်းမှ ကယ်ဗင်ဖီးလစ်ကို ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိသည်။
- ကိုလံဘီယာအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဗင်နီစီးယက်စ် ဒဏ်ရာရရှိခဲ့ပြီး လက်ရှိတွင် အဆိုပါဒဏ်ရာကြောင့် လာမည့်နှစ်စပိုင်းထိ အနားယူရမည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့သည်။
- ဝေးလ်အသင်းသည် အာမေးနီးယားအသင်းကို သရေရလဒ်သာ ကစားနိုင်ခဲ့သောကြောင့် ယူရိုခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်နည်းပါးခဲ့ရသည်။

ML

# ဆလိုဗေးနီးယားကိုအနိုင်ရခဲ့သည့် ဒိန်းမတ်အသင်း ယူရိုခြေစစ်ပွဲအောင်မြင်



**ကိုပင်ဟေဂင် နိုဝင်ဘာ ၁၈**

ယူရိုခြေစစ်ပွဲ အုပ်စု(H)ပွဲစဉ်အဖြစ် ဒိန်းမတ်အသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့ ကစားခဲ့ရာ ဒိန်းမတ်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် အုပ်စုပွဲစဉ်ပြီးဆုံးရန် တစ်ပွဲအလိုတွင် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

ဒိန်းမတ်အသင်းသည် ခြေစစ်ပွဲ ရှစ်ပွဲကစားအပြီး ရမှတ် ၁၉ မှတ်ရရှိထားသဖြင့် ဆလိုဗေးနီးယားကို အနိုင်ရခဲ့ပြီးနောက် ရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးသို့ တက်ရောက်နိုင်ခဲ့ကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ဒုတိယနေရာမှ ရမှတ် ၁၉ မှတ် ရရှိထားသည့် ဆလိုဗေးနီးယားအသင်းအနေဖြင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရောက်ရှိနေသည့် ကာဇက်စတန်အသင်းကို အနည်းဆုံး သရေတစ်မှတ်ရရှိမှသာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒိန်းမတ်အသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ရှုံးနိမ့်၍ ဆလိုဗေးနီးယားအသင်းက အနိုင်ရရှိခဲ့ပါကလည်း Head-to-Head စည်းမျဉ်းအရ ထိပ်တိုက်တွေ့ဆုံမှုတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားနိုင်ခဲ့သောကြောင့် အုပ်စုပိုလ်ဖြင့်သာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဒိန်းမတ်အသင်းသည် အဲရစ်ဆင်၊ ဟိုက်လန်းတို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း ပွဲစကတည်းက ဆလိုဗေးနီးယားအသင်းကို ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၂၆ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ တိုက်စစ်မြင့်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်မိနစ် ၃၀ တွင် ဆလိုဗေးနီးယားအသင်းက အလွတ်တည်ကန်ဘောမှ ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် ကစားအားထပ်မံမြှင့်တင်၍ တိုက်စစ်ဆင်နိုင်ခဲ့သောကြောင့် ပွဲချိန် ၅၄ မိနစ်တွင် ဦးဆောင်ဂိုး ထပ်မံရရှိခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# ဖူလ်ဟမ်အသင်းက တိုက်စစ်မှူးတီမိုဝါနာကို ခေါ်ယူရန်ကြိုးပမ်းနေကြောင်းထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၈**

ဖူလ်ဟမ်အသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် လိုက်ပ်ဇစ်အသင်းတွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးနေသည့် တိုက်စစ်မှူး တီမိုဝါနာကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။

တိုက်စစ်မှူး တီမိုဝါနာသည် ယခုနှစ်ဘောလုံးရာသီ လိုက်ပ်ဇစ်အသင်း၌ ပြိုင်ပွဲစုံလေးပွဲသာ ပွဲထွက်ကစားခွင့်ရရှိထားသောကြောင့် ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် ဖူလ်ဟမ်၊ ပဲလေ့စ်နှင့် ဝက်စ်ဟမ်းအသင်းတို့၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေပြီး ဖူလ်ဟမ်အသင်းက လက်ဦးမှုရယူနိုင်ရန် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး တီမိုဝါနာသည် လိုက်ပ်ဇစ်အသင်း တိုက်စစ်ပိုင်းတွင် အိုပန်ဒါ၊ ပေါ်လူဆန်၊ ဆိုင်မွန်တို့ နောက်တွင်သာ ပွဲထွက်ကစားခွင့်ရနေသော်လည်း အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုးထိ သွင်းယူထားနိုင်သောကြောင့် ဖူလ်ဟမ်အသင်း နည်းပြမာကိုစ်ဆေးဗားက အသင်း၏ တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဟု ယုံကြည်နေပြီး တီမိုဝါနာကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် တိုက်စစ်မှူး မက်ထရိုဗစ်ကို လက်လွှတ်ခဲ့ရပြီးနောက် ယခုနှစ် အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၁၀ ဂိုးသာရရှိခဲ့ပြီး တိုက်စစ်ပိုင်းဂိုးရရန် ခက်ခဲနေသောကြောင့် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၅) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# WBC လိုက်ဝိတ်တန်းချန်ပီယံဆုကို စတီဗင်ဆင် ဆွတ်ခူး

**ပါရာဒိုက် နိုဝင်ဘာ ၁၈**

WBC လိုက်ဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်နှင့် ဒိုမီကန်ရီပါပလစ်လက်ဝှေ့သမား အက်ဝင်ဒီလော့ဆန်းတို့စ်တို့ အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ပါရာဒိုက်မြို့တွင် နိုဝင်ဘာ ၁၇ ရက်က ထိုးသတ်ခဲ့ရာ စတီဗင်ဆင်က ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ လစ်လပ်နေသည့် WBC လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဗင်ဆင်အနေဖြင့် ဒိုင်ပွဲရပ်ရလဒ် သို့မဟုတ် အလဲထိုးရလဒ်ဖြင့် အနိုင်ရနိုင်သည့်အခြေအနေဖြစ်သော်လည်း ပုံစံကောင်းပျောက်ဆုံးခဲ့သလို အမှားတချို့ရှိခဲ့သည့်အတွက် ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး စွမ်းဆောင်ရည်ပိုင်းကျဆင်းခဲ့မှုအပေါ် ပရိသတ်များကိုလည်းတောင်းပန်ကြောင်း ပွဲအပြီးတွင်ပြောကြားခဲ့သည်။

အမေရိကန် လက်ဝှေ့ပရိသတ်များက စတီဗင်ဆင်အပေါ် ရလဒ်ကောင်း မျှော်လင့်ထားသော်လည်း ပရိသတ်များ မျှော်လင့်ထားသည့်အတိုင်း စွမ်းဆောင်နိုင်ခြင်းမရှိသည့်အပေါ် စိတ်ပျက်မိကြောင်းလည်း စတီဗင်ဆင်က ပြောကြားခဲ့သည်။

စတီဗင်ဆင်က "မေဝယ်သာဟာ ကျွန်တော့်ကိုအားပေးဖို့အတွက် ဒီစိန်ခေါ်ပွဲကို အရောက်လာခဲ့တာဖြစ်ပါတယ်။ သူမျှော်လင့်ထားတဲ့အတိုင်း လုပ်မပြနိုင်ခဲ့တဲ့အတွက် စိတ်ပျက်မိပါတယ်။ မေဝယ်သာကိုလဲ တောင်းပန်ပါတယ်။ ကျွန်တော့်ရဲ့ စံပြပုဂ္ဂိုလ်တွေဖြစ်တဲ့ အန်ဒရီဝက်ဒ်နဲ့ ခရောဖို့ဒ်တို့ကိုလဲ တောင်းပန်ပါတယ်။ ဒီစိန်ခေါ်ပွဲမှာ အနိုင်ရခဲ့တယ်ဆိုပေမဲ့ စွမ်းဆောင်ရည်ပိုင်းက တော်တော်လေးကို ဆိုးရွားပါတယ်။ အမေရိကန်လက်ဝှေ့လောကရဲ့ အကောင်းဆုံးလက်ဝှေ့သမားတွေဖြစ်တဲ့ မေဝယ်သာ၊ ခရောဖို့ဒ်နဲ့ အန်ဒရီဝက်ဒ်တို့ ဒီပွဲစဉ်ကို လာရောက်အားပေးတာဟာ ကျွန်တော့်ရဲ့အကောင်းဆုံး စွမ်းဆောင်ရည်တွေကို ကြည့်ရှုအားပေးဖို့အတွက်ပါ။ သူတို့မျှော်လင့်ထားသလို လုပ်မပြနိုင်ခဲ့ဘူး။



နောက်ပြီးတော့ အမေရိကန်လက်ဝှေ့ပရိသတ်တွေကလဲ ကျွန်တော့်အပေါ် အများကြီးမျှော်လင့်ထားကြတယ်။ သူတို့ မျှော်လင့်ထားတဲ့အတိုင်းလုပ်မပြနိုင်ခဲ့လို့ အားလုံးကို တောင်းပန်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ကျွန်တော်၏ဒုတိယမြောက် အတ္ထုပ္ပတ္တိစာအုပ် သို့မဟုတ် ပညာမင်းကြီးဦးဘိုးသုန်



ပညာမင်းကြီး ဦးဘိုးသုန်(၁၈၉၉-၁၉၈၂)

ကျွန်တော်၏စာရေးသက်နှစ်ပေါင်း ၄၀ ကျော်တွင် လူပုဂ္ဂိုလ်အကြောင်း အတ္ထုပ္ပတ္တိအနေဖြင့် စာအုပ်သုံးအုပ် ရေးသားထုတ်ဝေခဲ့ဖူးသည်။ ရဟန်းသံဃာများအနေဖြင့် မိမိရွာကျောင်းဆရာတော်၏ ထေရုပ္ပတ္တိနှင့် ကဗျာဆရာ၊ စာရေးဆရာ နေပြည်တော် တပ်ကုန်းမြို့နယ် ပဏ္ဍိတာရာမစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာ၊ နန္ဒ၊ မြတ်ဘုန်း(တပ်ကုန်း)တို့ကို စာအုပ်မဟုတ်ဘဲ မဂ္ဂဇင်းစာအုပ်ထဲတွင် အကျဉ်းမျှရေးခဲ့ဖူးသည်။

အတ္ထုပ္ပတ္တိလုံးချင်းစာအုပ် ပထမစာအုပ်မှာ အခြေခံပညာညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး ယခုဒေါက်တာဦးသန်းဦး၏ ဘဝအကြောင်းဖြစ်သည်။ ဒုတိယစာအုပ်မှာ ပညာမင်းကြီး ဦးဘိုးသုန်အကြောင်းဖြစ်ပြီး တတိယစာအုပ်မှာ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်အကြောင်း စာအုပ်ဖြစ်သည်။

ကျွန်တော့်ကို အတ္ထုပ္ပတ္တိစာပေများ ရေးသားရန် အကြံပေးသူမှာ ကျွန်တော်၏ဆရာ၊ ဘဝလမ်းညွှန်ဆရာ၊ ပညာရေးတက္ကသိုလ် သင်ပြနည်းဌာနအငြိမ်းစားပါမောက္ခ ဆရာကြီး ဦးသန်းထွတ်ဖြစ်သည်။ ဆရာကြီး ဦးသန်းဦး အတ္ထုပ္ပတ္တိကို ၂၀၀၆ ခုနှစ်တွင် ရေးခဲ့ပြီး ပညာတန်ဆောင်အထူးစာစဉ်အဖြစ် ထုတ်ဝေခဲ့သည်။

ထိုစာအုပ်ထုတ်ဝေအပြီး တစ်နှစ်အကြာတွင် ဆရာကြီး ဦးသန်းထွတ်က ပညာမင်းကြီး ဦးဘိုးသုန် အတ္ထုပ္ပတ္တိရေးသားရန် တိုက်တွန်းပြန်သည်။ ဆရာကြီး၏ လိုအပ်သောအခြေခံအချက်အလက်၊ မှတ်တမ်းမှတ်ရာများကို ကျွန်တော့်အားလွှဲပေးသည်။ တွေ့ဆုံမေးမြန်းရမည့် ဆရာကြီး ဦးဘိုးသုန်၏ ဆွေမျိုးသားချင်း၊ သားသမီးမြေးမြစ်များကို စာရင်းပေးသည်။ တာဝန်ပေးသည်။

ကျွန်တော်သည် ဆရာကြီး ဦးသန်းထွတ်ပေးအပ်သော တာဝန်ကိုလေးလေးစားစားခံယူကာ တာဝန်ယူခဲ့သည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလဖြစ်သည်။ ဆရာကြီး ဦးဘိုးသုန် စာပေညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့သော စစ်တက္ကသိုလ်(ပြင်ဦးလွင်)သို့ ကွင်းဆင်းခရီးထွက်ရသည်။ ကျောင်းအုပ်ကြီးနှင့်တွေ့၊ စာပေညွှန်ကြားရေးမှူးနှင့် တွေ့ဆုံရသည်။ တာဝန်ရှိသူအရာရှိတစ်ဦးက စစ်တက္ကသိုလ်ဝင်းအတွင်းရှိ ဆရာကြီး ဦးဘိုးသုန် အထိမ်းအမှတ်စာကြည့်တိုက်ကို လိုက်ပြသည်။

စစ်တက္ကသိုလ်စာပေညွှန်ကြားရေးမှူးက သမိုင်းဌာနမှူး ဗိုလ်မှူးကျော်ဇောနှင့် မိတ်ဆက်ပေးပြီး လိုအပ်သောအကူအညီပေးရန် ညွှန်ကြားသည်။ ကျွန်တော် ကံကောင်းသည်။ မိမိရောက်ရှိချိန်တွင် စစ်တက္ကသိုလ် သမိုင်းပြုစုနေသောအချိန်ဖြစ်သည်။ အဖွဲ့ခေါင်းဆောင်မှာ သမိုင်းဌာနမှူး ဗိုလ်မှူးကျော်ဇော ဖြစ်သည်။ ထပ်၍ ကံကောင်းပြန်သည်။ ဗိုလ်မှူးက စစ်တက္ကသိုလ်၏ ပထမဆုံးစာပေညွှန်ကြားရေးမှူးဖြစ်သူ ဆရာကြီးဦးဘိုးသုန်၏ ကိုယ်ရေးအချက်အလက်ဖိုင်ကို မိတ္တူကူး၍ မိမိအားပေးအပ်လိုက်သည်။

ဆရာကြီး မိတ်ဆက်ပြောကြားပေးထားသော ပညာမင်းကြီး ဦးဘိုးသုန်၏သမီး၊ သမက်၊ သားသမီးများကို သွားရောက်တွေ့ဆုံမေးမြန်း၍ အသံဖမ်းမှတ်တမ်းယူခဲ့သည်။ အချက်အလက် အပြည့်အစုံရရှိခဲ့သည်။

ဆရာကြီး၏ဘဝဖြစ်စဉ် ရက်စွဲကို တင်ပြပါမည်။ ဆရာကြီးဦးဘိုးသုန်ကို မိတ္ထီလာမြို့၌ အဘ ဦးမြနီ၊ အမိဒေါ်ငယ်တို့က ၁၈၉၉ ခုနှစ် ဇူလိုင် ၂၇ရက်တွင် မွေးဖွားသည်။ မွေးချင်းနှစ်ဦးအနက် အကြီးဆုံးဖြစ်သည်။ ၁၉၁၄ ခုနှစ်တွင် အလယ်တန်းပညာသင်ဆုရသည်။ ၁၉၁၇ ခုနှစ်တွင် တက္ကသိုလ်ပညာသင်ဆုရသည်။ ၁၉၂၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအက်စ်(သင်္ချာ ပထမတန်းဂုဏ်ထူး)ဘွဲ့ ရသည်။ ၁၉၂၃ ခုနှစ်တွင် အမ်အက်စ် (သင်္ချာပထမတန်းဂုဏ်ထူး) ဘွဲ့ရသည်။

- ၁၉၂၁-၁၉၂၄ - သင်္ချာနည်းပြရန်ကုန်တက္ကသိုလ်
- ၁၉၂၄-၁၉၃၅ - သင်္ချာလက်ထောက်ကထိက ရန်ကုန်တက္ကသိုလ်
- ၁၉၃၅-၁၉၃၇ - လက်ထောက်တိုင်းပညာဝန် ပညာမင်းကြီးရုံး
- ၁၉၃၇-၁၉၄၈ - တိုင်းပညာဝန်
- ၁၉၄၈-၁၉၅၁ - လက်ထောက်ပညာမင်းကြီး
- ၁၉၅၁-၁၉၅၂ - ခေတ္တပညာမင်းကြီး

၁၉၅၂ ခုနှစ်တွင် အငြိမ်းစားယူသည်။ ထို့နောက် ပညာတန်ဆောင်မဂ္ဂဇင်း အုပ်ချုပ်ရေးအဖွဲ့၏နာယကအဖြစ် ထမ်းဆောင်သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်ထိ ရန်ကုန်တက္ကသိုလ်တွင် အထူးသင်္ချာကထိကအဖြစ် ပြန်လည်ခန့်အပ်ခြင်းခံရသည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ စစ်တက္ကသိုလ် မေမြို့ (ယခင်အခေါ် ယခုအခါ ပြင်ဦးလွင်ဟုခေါ်သည်)တွင် စာပေညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်ရာမှ ပညာမင်းကြီးအဖြစ် ခေါ်ယူခန့်ထားခံရပြန်သည်။ ၁၉၆၀ ပြည့်နှစ်ထိဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် စစ်တက္ကသိုလ်၌ စာပေညွှန်ကြားရေးမှူးတာဝန် ပြန်လည်ထမ်းဆောင်ရပြန်သည်။

၁၉၆၂ ခုနှစ် တွင် ဆရာကြီးဦးဘိုးသုန်ကို ပညာညွှန်ကြားရေးဝန်အဖြစ် ခန့်အပ်သည်။ ပညာညွှန်ကြားရေးဝန်ဟူသော အသုံးအနှုန်းမှာ ပညာမင်းကြီးဟူသော ဝေါဟာရကို စတင်ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် တာဝန်ပြီးဆုံးသည်။ သို့သော် နိုင်ငံတော်အစိုးရက ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ဆက်လက်ခန့်ထားပေးပြန်သည်။ ၁၉၇၀ ပြည့်နှစ်ထိ တစ်နှစ်တာ တာဝန်ထမ်းဆောင်ရသည်။ ဆရာကြီးသည် ၁၉၈၂ ခုနှစ် အသက် ၈၃ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီးကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြသိန်းနှင့် သားတစ်ဦး၊ သမီးတစ်ဦးကျန်ခဲ့သည်။ ဆရာကြီးသည် ရန်ကုန်မြို့ မရမ်းကုန်း (၇)ရပ်ကွက်တွင်ရှိသော စွန်းလွန်းဂူကျောင်းတိုက် စတင်တည်ထောင်ရာတွင် ကျောင်းတိုက်အတွက် မြေကွက်တစ်စိတ်တစ်ဒေသ လှူဒါန်းခဲ့သည်။ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက်ရှိ လမ်းတစ်လမ်းကို ဦးဘိုးသုန်လမ်းဟု ခေါ်တွင်စေခဲ့သည်။

ဆရာကြီး ဦးဘိုးသုန်သည် သူကွယ်လွန်ခဲ့ပါက သတင်းစာတွင် ထည့်သွင်းကြော်ငြာရန်စာကို သူကိုယ်တိုင်ရေးခဲ့သည်။ ကြော်ငြာစာမှာ-

ဦးဘိုးသုန်

အသက်(၈၄)နှစ်

ပညာရေးဝန်ထမ်းဟောင်း ဆရာကြီးဦးဘိုးသုန်သည် ၂၃-၁၁-၁၉၈၂ ခုနှစ်တွင် ကွယ်လွန်ပါ၍ ၎င်းနေ့၌ပင် ၎င်း၏ဆန္ဒအရ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ထိုစာလေးကိုကြည့်၍ တရားကျမိပါသည်။ တရားရပါသည်။ မည်သူ့ကိုမျှ ဒုက္ခမပေးလိုသဖြင့် နာရေးကြော်ငြာကိုတင်ရေးထားပြီး ရေးထားသည့်အတိုင်း မိသားစုကဆောင်ရွက်ရာ ကွယ်လွန်ကြောင်းကြော်ငြာသည့်နေ့မှ လူအများသိရသည်။

ဤကြော်ငြာလေးကို ဖတ်မိရင်း ပညာရေးပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်သူ ဆရာကြီး ဒေါက်တာမောင်ဖြူက ထူးထူးကဲကဲ ကြည်ညိုလေးစားထိုက်သူ၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာနှင့်ပြည့်စုံသောသူများကို "လွှမ်းစေတီတည်လောက်သူများ"ဟူ၍ ပြောခဲ့ဖူးပါသည်။ ဆရာကြီးဦးဘိုးသုန်သည် လွှမ်းစေတီတည်လောက်သူ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးတစ်ဦးဖြစ်ပါပေသည်။

ဆရာကြီး၏ တပည့်တစ်ဦးဖြစ်သူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်ဆရာကြီး ဦးသောင်းထွန်းက ၁၉၉၂ ခုနှစ် ဩဂုတ်လထုတ် ပညာလောကစာစောင်တွင်-

- ဆရာကြီးသည် သင်္ချာသမားပီပီ၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်ရသည်ဖြစ်စေ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ သေသေချာချာ ပြုလုပ်တတ်သည်။ ဆောင်ရွက်တတ်သည်။
- ဆရာကြီးသည် အမှန်တရားဘက်ကသာ ရပ်တည်ပြီး အမှားအယွင်းနည်းနိုင်သမျှ နည်းရန် အမြဲကြိုးပမ်းဆောင်ရွက်သူဖြစ်သည်။
- ကိုယ်ကျင့်တရားပေတံနှင့် တိုင်းတာလျှင် ဆရာကြီးသည် ပေပြည့်၊ ကိုက်ပြည့်ရုံသာမက စံထားလောက်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။
- နှလုံးရည် အစွမ်းထက်ရုံသာမက သတ္တိပြောင်မြောက်သူအဖြစ်လည်း ကျော်စောသူဖြစ်သည်။

❖ ကျွန်တော့်ကို အတ္ထုပ္ပတ္တိစာပေများရေးသားရန် အကြံပေးသူမှာ ကျွန်တော်၏ ဆရာ၊ ဘဝလမ်းညွှန်ဆရာ၊ ပညာရေးတက္ကသိုလ် သင်ပြနည်းဌာန အငြိမ်းစားပါမောက္ခ ဆရာကြီး ဦးသန်းထွတ်ဖြစ်သည်။ ဆရာကြီး ဦးသန်းဦး အတ္ထုပ္ပတ္တိကို ၂၀၀၆ ခုနှစ်တွင်ရေးခဲ့ပြီး ပညာတန်ဆောင် အထူးစာစဉ်အဖြစ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ထုတ်ဝေအပြီး တစ်နှစ်အကြာတွင် ဆရာကြီး ဦးသန်းထွတ်က ပညာမင်းကြီး ဦးဘိုးသုန် အတ္ထုပ္ပတ္တိရေးသားရန် တိုက်တွန်းပြန်သည်။ ဆရာကြီး၏ လိုအပ်သောအခြေခံအချက်အလက်၊ မှတ်တမ်းမှတ်ရာများကို ကျွန်တော့်အားလွှဲပေးသည်။ ❖

- ဆရာကြီးသည် ပညာရည်၊ နှလုံးရည်၊ လုပ်ငန်းစွမ်းရည်များပြည့်စုံပြီး သတ္တိပြောင်မြောက်သူဖြစ်သော်လည်း ပညာမာန၊ ရာထူးမာန၊ လုပ်ငန်းမာနများမရှိဘဲ စာနာစိတ်၊ သည်းခံစိတ် ရှိသူဖြစ်သည်။
- အထူးသဖြင့် ဆရာကြီးသည် ပညာရေးလောကတွင် စံတင်ထားရမည့် ပညာရေးဝန်ထမ်းပုဂ္ဂိုလ်ကြီးအဖြစ်သာမက ပြည်သူ့ဝန်ထမ်းကောင်း ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်ဟု ရေးသားထားသည်။

**ဆရာကြီး၏ လက်ရုံးရည်၊ နှလုံးရည်၊ ပညာရည်**

ဆရာကြီးဦးဘိုးသုန် ပညာဝန်ဘဝတွင် ပညာရေးကိစ္စတစ်ခုဖြင့် မြင်းခြံသို့ရောက်ရှိလာသည်။ ညဘက်တွင် ဆရာကြီးတည်းခိုမည့်ဗိုလ်တဲတွင် တပည့်များက ညရေး၊ ညတာ လုံခြုံရေးအတွက် ကာကွယ်ရန် ခြောက်လုံးပြူးသေနတ်တစ်လက်ပေးသည်ကို ဆရာကြီးကပြုံးလျက် လက်ကာပြပြီး သူ့အိတ်အတွင်းက စိပ်ပုတီးကိုထုတ်ပြကြောင်း ပညာတန်ဆောင်စာတည်း ဆရာကြီး ဦးတိုးမြိုင်ပြောပြသည်ကို မှတ်သားမိသည်။

ဆရာကြီး ဦးဘိုးသုန်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ရန်ကုန်တက္ကသိုလ် သင်္ချာပါမောက္ခနှင့် ကထိကဖြစ်သော ဆရာကြီးအိုဝင်နှင့် ဒေးတို့ပြုစုသော မြန်မာနိုင်ငံ ကျောင်းဂဏန်းသင်္ချာနှင့် အလယ်တန်းရှေးဦးသင် ဂျီသြမေတြီစာအုပ်များကို ဘာသာပြန်ရေးသားခဲ့သည်။

စစ်ပြီးခေတ်တွင်လည်း မြန်မာနိုင်ငံ ဘာသာပြန်အသင်းထုတ်၊ အထက်တန်းကျောင်းသုံး ဂျီသြမေတြီနှင့် တက္ကသိုလ်များစာအုပ် ထုတ်ဝေရေးကော်မတီထုတ် အခြေခံတြီဂိုနိုမက်ထရီစာအုပ်များကိုလည်း ရေးသားပြုစုခဲ့သည်။ နောင်အခါ ရှေးဦးသင် ဂျီသြမေတြီစာအုပ်ကို ကုန်သွယ်ရေး(၅)က ပြန်လည်ပုံနှိပ်ခဲ့သည်။ ထို့အတွက် ဉာဏ်ပူဇော်ခချီးမြှင့်ငွေကို ဆရာကြီးအားပေးသော်လည်း မူလစာရေးသူ ဆရာကြီးအိုဝင်ကိုသာပေးပါ။ သူသာချီးမြှင့်ငွေရထိုက်သူဖြစ်ကြောင်း ပြောဆိုပြီး ချီးမြှင့်ငွေကို လက်မခံခဲ့ပါ။

**သတ္တိခဲဆရာကြီး**

၁၉၄၂ ခုနှစ် ကမ္ဘာစစ်ကြီးစတင်ခါစက မြင်းခြံမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပနေစဉ် ဖြစ်သည်။ ဆရာကြီး ဦးဘိုးသုန်လည်း စာမေးပွဲကြီးကြပ်သူအဖြစ် ရောက်ရှိနေချိန်ဖြစ်သည်။ မဟာမိတ်လေယာဉ်နှစ်စင်းက မြို့ကိုလှည့်ပတ်ပျံသန်းကာ စက်သေနတ်ဖြင့်ပစ်ခတ်နေတော့သည်။ ကျောင်းအုပ်ကြီးက ဦးဘိုးသုန်ကို ရှေ့ဆုံးမှခေါ်ယူကာ ဗုံးခိုကျင်းဆီသို့ ပြေးကြမည်ဆိုသောအခါ ဆရာကြီးဦးဘိုးသုန်က ကျောင်းအုပ်ကြီးနှင့်ကလေးများကိုသာဗုံးခိုကျင်းထဲပြေးခိုင်းပြီး သူကိုယ်တိုင်ကမူ စာမေးပွဲအခန်းအတွင်း ပုတီးစိပ်၍သာနေသည်။ ခေါင်းဆောင်ကောင်းပီသသော ဆရာကြီး၊ ဆရာစိတ်ရှိသော ဆရာကြီးပါတကား။ ဘေးရန်ဆီးကာပေးသောဆရာကြီးတစ်ဦးဖြစ်သည်။

**ထူးခြားချက်တစ်ခု**

ရုံးကိစ္စအတွက်ဆို ရုံးမှစာရေးကိရိယာ၊ ဖောင်တိန်၊ မင်၊ စက္ကူ စသည်တို့ကိုသုံးပြီး ကိုယ်ရေးကိုယ်တာဆိုလျှင် မိမိပိုင်ပစ္စည်းများသုံးစွဲကြောင်း သိရှိမှတ်သားရသည်။

စာရေးသူသည် ပညာရေးသူတော်စင်၊ စံပြပညာရေးဝန်ထမ်း စိတ်ရင်းစေတနာကောင်းသူ၊ နိုင်ငံချစ်သူ၊ မြိုးမြဲခွျေတာသူ၊ လူကြီးလူကောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပညာမင်းကြီးဆရာကြီး ဦးဘိုးသုန် အတ္ထုပ္ပတ္တိရေးသားမှုကို တင်ပြလိုက်ပါသည်။

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

# သို့ ချစ်ရပါသော ဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် နိုဝင်ဘာ ၁၈**

သို့ ချစ်ရပါသော ဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြ၍ သိရသည်။

သို့ ချစ်ရပါသော ရုပ်သံဇာတ်လမ်းတွဲကို Bonanza Production က တာဝန်ယူရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို နိုရာကိုနှင့် Skyward Art Team တို့က ရေးသားထားပြီး ဒါရိုက်တာ နိုရာကိုက ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

“ထူးထူးခြားခြား အချစ်ဒရာမာထဲမှာမှ လေးပွင့်ဆိုင်လို့ ပြောရမဲ့ ဇာတ်လမ်းတွဲပါပဲ။ နွယ်ဆိုတဲ့ မိန်းမချောလေး တစ်ယောက်နဲ့ ရင်ခုန်ပတ်သက်ခဲ့ဖူးတဲ့ကောင်လေး သုံးယောက်တို့ရဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ပါ။ ကျွန်မရဲ့နှလုံးသားနယ်မြေထဲကို ခိုဝင်နားခိုဖူးသူ သုံးယောက်ရှိခဲ့တယ်။ နွယ်ဆိုတဲ့ ကျွန်မနာမည်ကို ရင်ခုန်ချင်စရာကောင်းအောင်ခေါ်သူရယ်၊ ဩဇာအသံအပြည့်နဲ့ခေါ်သူရယ်၊ နွေးထွေးစွာခေါ်သူရယ်ပေါ့။ တစ်စုံတစ်ယောက်ထဲကသာ အချစ်ရဆုံးသူတစ်ယောက်စီ လိပ်မူပြီး စာတစ်စောင်ရေးလို့ဆိုလာခဲ့ရင် ဘယ်လိုမျိုးဖြစ်မလဲဆိုတာကိုရင်ခုန်ခံစားပေးပါ”ဟု သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းကိုကို၊ ညိမ်းသော်၊ စစ်မင်းထက်၊ နော်ဖောအယ်ထားနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Fall Guy ဇာတ်ကား ရုံတင်မည့်ရက် ယူနီဗာဆယ်ကုမ္ပဏီ နှစ်လနောက်ဆုတ်ထား

**နယူးယောက် နိုဝင်ဘာ ၁၈**


The Fall Guy အမည်ရှိ ဟာသအက်ရှင်ဇာတ်ကား ရုံတင်မည့်ရက်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက နှစ်လနောက်ဆုတ်ထားကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

The Fall Guy ဇာတ်ကား ရုံတင်ရက်ကို နှစ်လနောက်ဆုတ်၍ ၂၀၂၄ ခုနှစ် မေ ၃ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း ယူနီဗာဆယ်ကုမ္ပဏီ၏ ကြေညာချက်၌ ဖော်ပြထားသည်။

မူလက ယူနီဗာဆယ်ကုမ္ပဏီသည် The Fall Guy ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၁ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း၊ ဒါရိုက်တာ ဒေးဗစ်လိုက် တာဝန်ယူရိုက်ကူးထားသည့် The Fall Guy ဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂိုးစလင်းနှင့် မင်းသမီး အမ်မီလီဘလန့်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် တစ်ချိန်က ကိုယ်စားဝင်ပေးခဲ့ရဖူးသော နာမည်ကျော်ရုပ်ရှင်မင်းသားတစ်ဦး ပျောက်ဆုံးမှုကို ဖော်ထုတ်ရန်ကြိုးစားခဲ့သည့် စတန့်သမားဟောင်းတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားကြောင်း၊ The Fall Guy တွင် အဓိကဇာတ်ကောင် စတန့်သမားဟောင်းအဖြစ် မင်းသား ရိုင်ယန်ဂိုးစလင်းက သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**




# ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် Sar Ga Gallery တွင် ပန်းချီဆရာငါးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်ဖြစ်



**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် Sar Ga Gallery တွင် ပန်းချီဆရာငါးဦး၏ အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၄ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီအောင်ကိုက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ ရွှေသိန်း၊ ပန်းချီ ဟိန်းသစ်၊ ပန်းချီ သူရကျော်၊ ပန်းချီ အောင်ကို၊ ပန်းချီ မျိုးမြတ်မင်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၇၅ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်အပါအဝင် ပန်းချီဆရာငါးယောက်ရဲ့ လတ်တလောရေးဆွဲထားတဲ့ပန်းချီကားတွေ ပြသမှာပါ။ ရေးချက်စုံ၊ အတွေးစုံတွေကို မြင်ရမှာပါ။ လူကိုယ်တိုင်လဲ နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပိတ်ရက်မရှိ ပြခန်းမှာလာရောက်လေ့လာ ဝယ်ယူနိုင်ပါတယ်”ဟု ပန်းချီ အောင်ကိုက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် သုံးသိန်းမှ အများဆုံး ငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# Fanstatic Four ဇာတ်ကားတွင် မင်းသား ဇာဗီယာဘာဒမ် ပါဝင်နိုင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၈**

မာဗယ်စတူဒီယို၏ Fanstatic Four ဇာတ်ကား၌ အော်စကာဆုရ မင်းသား ဇာဗီယာဘာဒမ် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

Fanstatic Four ဇာတ်ကား၌ Galactus ဇာတ်ကောင်နေရာတွင်ပါဝင်သရုပ်ဆောင်ရန် မင်းသား ဇာဗီယာဘာဒမ်ကို မာဗယ်စတူဒီယိုက ကမ်းလှမ်းထားကြောင်း ဟောလိဝုဒ်ရုပ်ရှင်လောက သတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။

အဆိုပါဇာတ်ကားသည် မူလ Fanstatic Four(2015)ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Galactus ဇာတ်ကောင်သည် Fanstatic Four (2015)ဇာတ်ကားတွင် အဓိကဗီလိန်ဇာတ်ကောင်ဖြစ်ကြောင်း သိရသည်။

Fanstatic Four ဇာတ်ကား၌ မင်းသား ပက်ဒရိုပါစကယ်နှင့် မင်းသမီး ဗင်နက်ဆာကာဘီတို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**





# ချစ်ပြီးစလစ်နံပါတ်တစ် ရုပ်ရှင်ဇာတ်ကားကို Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ချစ်ပြီးစလစ်နံပါတ်တစ် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၂ ရက်တွင် Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဇာတ်ညွှန်းရေးသားသူ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ချစ်ပြီးစလစ်နံပါတ်တစ် ရုပ်ရှင်ဇာတ်ကားသည် ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီး အဆိုပါရုပ်ရှင်ဇာတ်ကားကို Myanmar Arts ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ချစ်ပြီးစလစ်နံပါတ်တစ် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဦးအေးကြူလေးနှင့် မောင်ကြည်စိန်တို့က ရေးသားထားပြီး ဒါရိုက်တာ မိုက်တီးက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

“သူ့ခေတ်သူ့ခါတုန်းကလဲ အောင်မြင်ခဲ့တဲ့ အချစ်ဟာသရုပ်ရှင်ဇာတ်ကားပါ။ ဒီရုပ်ရှင်ဇာတ်ကားကို Myanmar Arts ရုပ်သံလိုင်းကနေ ပြန်လည်ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်။ မကြည့်ဖူးသေးတဲ့ ပရိသတ်တွေလဲ ခံစားမှုအသစ်ဖြစ်မှာပါ။ သူဌေးသမီးလေး ချိုနွယ်၊ သူ့ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးနေတဲ့ အာကာနဲ့ ကားဒရိုင်ဘာ ဖေမြင့်တို့ရဲ့ အလွဲလေးနဲ့ သံယောဇဉ်လေးတွေကိုဟာသနှောပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားလေးပါ”ဟု ဦးအေးကြူလေးက ပြောပြသည်။

ချစ်ပြီးစလစ်နံပါတ်တစ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် စိုးသူမင်းဦး၊ မျိုးသန္တာထွန်း၊ လင်းဇာနည်ဇော်နှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ASEAN-Korea Centre to shoot tourism videos in Myanmar


Photo shows the area around the Sule Pagoda in Yangon.

**Nay Pyi Taw November 18**

THE ASEAN-Korea Centre will shoot travel videos in areas that attract tourists to Myanmar to promote Myanmar's tourism sector, according to the Ministry of Information.

To promote Myanmar's tourism sector, the filming of tourism videos will be done in Myanmar's regions starting from the third week of November and ending in December in tourism areas, including the Yangon Region and Bagan Ancient Cultural Zone in Mandalay Region. The shooting will be conducted at Shwedagon Pagoda, Kandawgyi Park, Sule Pagoda, and near the Yangon City Hall, Bandoola Park, the Secretariat, Sule Pagoda Road, National Museum (Yangon), Time City, Aung Zeya Bridge and River View places.

After the filming of the tourism promotion videos, they will be posted on ASEAN-Korea Centre's YouTube, Instagram and Facebook, as the videos are the motivators to invite tourists to places around Yangon and Bagan Ancient Cultural Zone.

ASH

# Authorities grant permission to stay at Thukha Dagon public rental housing project from Dec 1

**Yangon November 18**

Those who have the right to rent apartments from the Thukha Dagon public rental housing project will be allowed to live in them from December 1, 2023, according to reports released by the Department of Urban and Housing Development on November 14, 2023.

The project, which is being implemented in Yangon Region, is being implemented near the intersection of No. 2 Road and No. 7 Road in Dagon Myothit (South) Township. The project is being built on a land area of 181 acres.

The project has been implemented since 2020, and the project is being built as five-story buildings, with 4,352 residential rooms.

The first phase of the project is to build 3,104 rooms and the construction work is shared by the Myanmar Construction Entrepreneurs Federation (MCEF) and the Myanmar Licensed Contractors Association (MLCA).


Apartment blocks.

Housings in Yangon such as Yankin Housing, U Wisara Housing, Phasapala Housing and Thuwanna Housing are public rental housings. 336

# Rural manufacturing road construction projects more than 50 per cent complete in 2023-24 FY

**Nay Pyi Taw November 18**

The Ministry of Cooperatives and Rural Development on 16 November stated that implementation of the rural manufacturing road construction projects have completed by more than 50 per cent in 2023-24 financial year.

The ministry emphasizes construction of infrastructures, agricultural and livestock farming tasks, rural manufacturing roads and bridges, village roads and bridges, rural water supply, environmental conservation, supply of electricity outside the national grid, construction of rural houses for victims of natural disasters, micro-infrastructural development undertakings and livelihoods.

Among these projects, the ministry implemented construction of 265 miles long rural manufacturing roads and 605 bridges across the nation in 2023-24 financial year.

In this regard, the ministry built earthen roads, laterite roads, gravel roads, concrete roads, concrete bridges, wooden bridges, culverts and conduits in the projects. During the seven-month period from April to October this year, some 20 miles long rural manufacturing roads were built nationwide.

Currently, rural manufacturing roads of 236 miles in length are under construction. More than nine miles long section will be completed this financial year. So far, the ministry has implemented 58 per cent of the roads in 2023-24 financial year.

At the same time, a total of 605 rural bridges are scheduled to be built under the plan, and so far, 75 bridges have completed.

Currently, 464 rural manufacturing bridges are under construction, and remaining 66 bridges are scheduled to be completed this financial year, accounting for 53 per cent.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Dried fish receives high demand for wedding and donation events

**Yangon November 18**

As the season of wedding and donating is on the rise, purchases for dried fish are on the rise, according to the owners of fish paste and dried fish stalls in Bayintnaung commodity market in Yangon.

Currently, fishing businesses in Rakhine State, Mon State, Ayeyawady Region, and Yangon Region have started working for the 2023-2024 fishing season, and seafood products have also entered Yangon's Bayintnaung commodity market.

In the same way, fish paste and dried fish from the fish paste, dried fish, and fish sauce project zone in Dagon Myothit (Seikkan) Township in Yangon, are entered into Bayintnaung commodity market.

This is also the time when charity events, religious ceremonies, and weddings are held. As a result, the fish paste and dried fish market in Yangon's Bayintnaung commodity market has become more active than last month.

The fish paste and dried fish in Yangon's Bayintnaung commodity market are being sent to all areas, mostly to Mandalay market.

336


Dried fish for sale in a market.

# MRIC allows investments of Myanmar citizens for five new businesses worth K7.4 billion in November



A citizen-owned business project site in Mandalay.

**Mandalay November 18**

The Mandalay Region Investment Committee stated that it has approved investments of Myanmar citizens for operating five new businesses worth K7,413.19 million in November.

At meeting 3/2023 of MRIC on 8 November, the committee approved investments for industrial, livestock and fishery businesses to create jobs for 224 local farmers.

"The committee allowed investment of K7,413.19 million for four businesses in industrial sector and one in livestock and fishery sector. These businesses will create jobs for 224 local people," said an official of MRIC.

The committee makes regular inspection over industries and businesses being operated under the Myanmar Investment Law. ASH

# Immediate action to be taken against stockpiling palm oil for speculation

**Yangon November 18**

If palm oil is found to be stored for speculation, immediate action will be taken in accordance with the law, according to reports from the Yangon Region Government on November 15,

At present, there is enough edible oil in Yangon Region. Under the supervision of the Yangon Region Government, departmental staff, citizens, and shops operating in the food industry in the relevant townships are compiling statistics of edible oil requirements according to the respective townships, and the required edible oil shall be closely supervised and distributed by the chairpersons of the district/township administration committees. There is a need to take immediate action if edible oil is stored for speculation purposes, said the Chief Minister of Yangon Region on November 14 at the Regional Government Office during a coordination meeting on how to systematically distribute palm oil to the people of Yangon Region.

The meeting participants discussed the systematic distribution of palm oil to the people of Yangon Region according to the reference price.



Palm oil being sold for public members.

Currently, the palm oil import, storage and distribution supervisory committee is monitoring the daily palm oil prices in Malaysia and Indonesia, which are the main producers and exporters of palm oil. The committee is also announcing the reference price of palm oil-based wholesale to be traded in the local market after taking into account transportation costs, bank charges, and taxes.

In the fiscal year 2023-2024 from April to September, 294,457 tons of palm oil valued at US$294.58 million were imported. Myanmar's palm oil demand is over 1 million tons per year. 336

# Maximum amount of trade carries out by Htikhee, Muse and Myawady border trade stations in October of 2023-2024 FY

**Myawady November 18**

The maximum amount of trade was carried out at Htikhee, Muse and Myawady border trade stations in October of 2023-2024 FY, according to reports released by the Ministry of Commerce on November 16.

Border trade stations and border trade zones have been opened with neighboring countries and border trade activities are being carried out.

In October, border trade operations were carried out from 17 border trade stations and border trade zones.

In October, the export amount of Htikhee border trade station in the Myanmar-Thailand region was US$1,718.545 million, and import amount was US$170.644 million, totaling US$1,889.189 million. The Muse border trade zone in the Myanmar-China border area was able to carry out the second largest trade volume with US$1,483.297 million. In doing so, it was able to export US$1,071.870 million and import US$411.427 million. The export amount of Myawady border trade zone was US$246.044 million and import amount was US$627.910 million, totaling US$873,954 million. 336

# Israel's Hidden Nuclear Arsenal Makes It Unaccountable for War Crimes – Journo

**Jerusalem November 18**

Israeli government ministers and other officials have already mooted using nuclear weapons in the Palestinian Gaza Strip. Independent journalist Sam Husseini said Israel's atomic arsenal deterred Palestine's allies from stopping Tel Aviv's atrocities.

Israel's undeclared nuclear weapons grant its leaders impunity in committing war crimes, says a journalist.

Israeli Prime Minister Benjamin Netanyahu declared war in the besieged Palestinian territory of the Gaza Strip following the October 7 attacks on southern Israel by the armed wing of the Hamas movement and other militant groups.

The Palestinian Authority's health ministry, based in Ramallah in the Israeli-occupied West Bank, reported on Thursday that 11,470 people had been killed and around 29,000 wounded by Israel's onslaught in Gaza. The dead included 4,707 children, 3,155 women and 668 elderly people — altogether three-quarters of the total. Some 203 health and 36 civil defense workers have also been killed.

Independent journalist Sam Husseini told Sputnik that Washington has spent decades covering up the open secret of Israel's nuclear arms program — just as it does over its ally's atrocities against Palestinians.

Sputnik

# CIA Chief's Ukraine Visit Linked to Looming Palace Coup Against Zelensky

**Washington November 18**

Ukrainian government infighting has already escalated to assassinations of factional lieutenants. International affairs and security analyst Mark Sleboda said CIA Director William Burns would either "tamp down" the civil war or tell President Zelensky to go quietly.

Washington's spymaster has flown to Ukraine in secret to stamp US authority on the power struggle within the Kiev regime, says a security expert.

CIA Director William Burns reportedly flew to Kiev on Wednesday for "urgent and secret" meetings with Ukrainian President Volodymyr Zelensky.

Security analyst Mark Sleboda told Sputnik that Burns' visit "dovetails" with this week's visit to Washington by Andriy Yermak, "Zelensky's powerful, grey, cardinal, chief of staff" to meet US Secretary of State Antony Blinken — who duly uttered pledges of continued military support for Kiev in the US proxy conflict with Russia.

He pointed out that the US was already pressuring its client state in Ukraine to hold a presidential election on schedule by March 31 2024 — "with the intention of replacing Zelensky, who may appear to have lost confidence, with Zaluzhny."

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယက ရုရှားထုတ် Igla-S ပခုံးထမ်းဒုံးကျည်များဝယ်ယူရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုး



အိန္ဒိယသည် ရုရှားနိုင်ငံထုတ် သယ်ဆောင်ရလွယ်ကူသော Igla-S ပခုံးထမ်းဒုံးကျည်များဝယ်ယူရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် https://www.rt.com သတင်းဌာနက ရေးသားဖော်ပြထားသည်။

ရုရှားနှင့် အိန္ဒိယသည် Igla-S သယ်ဆောင်ရလွယ်ကူသော ပခုံးထမ်းဒုံးကျည်များဝယ်ယူရေး သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် စစ်လက်နက်တင်ပို့ရောင်းချရေး Rosoboronexport ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရန်သူလေယာဉ် သို့မဟုတ် ခရုဇ်ဒုံးကျည်များကဲ့သို့ အသေးစားလေကြောင်း ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Igla-S ကို ရုရှားဆီမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်တို့သည် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုအချိန်တွင် အိန္ဒိယနိုင်ငံက ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့်အတူ အိန္ဒိယနိုင်ငံတွင် Igla-S ဒုံးကျည်များ ထုတ်လုပ်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု Rosoboronexport ကုမ္ပဏီ၏ CEO အလက်ဇန္ဒားမီခယက်ဗ်က ဒူဘိုင်းလေကြောင်းပြပွဲတွင် TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်လွန်ကတည်းက ထုတ်လုပ်ထားသည့် ခေတ်မမီတော့သော ဆိုဗီယက်ခေတ် Igla-M ပခုံးထမ်းဒုံးကျည်များကို အစားထိုးရန်အတွက် Igla-S ပခုံထမ်းဒုံးကျည်များကို ဝယ်ယူရန်ဆုံးဖြတ်ခဲ့ကြောင်း Economic Times သတင်းဌာနက ၂၀၁၈ ခုနှစ်တွင် ရေးသားဖော်ပြခဲ့သည်။ အဆိုပါ သဘောတူညီချက်သည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ခန့်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံထုတ် Igla-S ပခုံးထမ်းဒုံးကျည်သည် လူတစ်ဦးတည်းဖြင့် သယ်ယူနိုင်သော ပခုံးထမ်းဒုံးကျည်ဖြစ်ပြီး ၎င်းကို အိန္ဒိယစစ်ဘက်က ဝယ်ယူခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလက အဆိုပါ ဝယ်ယူရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၂ ခုနှစ် လွှဲပြောင်းပေးပို့မှုတွင် လောင်ချာ ၂၄ လက်၊ ဒုံးကျည် ၂၁၆ စင်းနှင့် စမ်းသပ်ရေး ကိရိယာများ ပါဝင်ခဲ့သည်။

အဆိုပါ Igla-S ဒုံးကျည်များ အရေအတွက် ပိုမိုများပြားစွာ ဝယ်ယူနိုင်ရေး သဘောတူစာချုပ်ကို အိန္ဒိယနိုင်ငံ၏ Very Short Range Air Defence System (VSHORAD) ဝယ်ယူရေးအစီအစဉ်အရ ၂၀၁၀ ပြည့်နှစ်တွင်စတင်ခဲ့ပြီး ဒုံးကျည်ပေါင်း ၅၀၀၀ ခန့်၊ ဒုံးကျည်တစ်စင်းတည်းပစ်လောင်ချာ ၂၅၈ လက်နှင့်ဒုံးကျည်အစင်းများစွာ တပ်ဆင်ပစ်လွှတ်နိုင်သော ဒုံးပစ်လောင်ချာ ၂၅၈ လက်တို့ကိုဝယ်ယူနိုင်ရေး လုပ်ဆောင်ခဲ့သော်လည်း ရုရှားနိုင်ငံထံမှ Igla-S ပခုံးထမ်း ဒုံးကျည်အရေအတွက် အနည်းငယ်ကိုသာ ဝယ်ယူနိုင်ခဲ့ကြောင်း ကာကွယ်ရေး သတင်းရင်းမြစ်များကို ကိုးကား၍ ဟိန္ဒူသတင်းဌာနက ၂၀၂၂ ခုနှစ်အတွင်း၌ အစီရင်ခံ ဖော်ပြခဲ့သည်။

တစ်ချိန်တည်းတွင် ပြည်တွင်း၌ ကာကွယ်ရေးစနစ်များနှင့် ခဲယမ်းမီးကျောက်များ၏ ထုတ်လုပ်မှုတိုးမြှင့်ရန် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် လေကြောင်းသုံးလက်နက်ပစ္စည်းများ ပူးတွဲထုတ်လုပ်ရန်အတွက် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများစွာနှင့် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း RIA Novosti သတင်းဌာနသို့ Rosoboronexport ကုမ္ပဏီ အကြီးအကဲက ပြောကြားခဲ့သည်။

Rosoboronexport ကုမ္ပဏီသည် အိန္ဒိယနိုင်ငံ လေကြောင်းလက်နက်များ ပူးတွဲထုတ်လုပ်ခြင်းနှင့် ၎င်းတို့ကိုလက်ရှိလေယာဉ်အုပ်များတွင် ပေါင်းစည်းတပ်ဖြန့်နိုင်ရန် ပုဂ္ဂလိကနှင့် အများပိုင်စီးပွားရေးလုပ်ငန်းများနှင့် လက်တွဲလုပ်ဆောင်နေသည်ဟု အလက်ဇန္ဒားမီခယက်ဗ်က ပြောကြားခဲ့သည်။

**Russia and India sign deal on Igla-S missiles – TASS ကို ဘာသာပြန်ဆိုထားပါသည်။**

## Sky Guardian ဒရုန်းတွင် တိကျစမတ်လက်နက်များတပ်ဆင်အသုံးပြုရန် GA-ASI နှင့် EDGE ပူးပေါင်းဆောင်ရွက်



အမေရိကန်နိုင်ငံ General Atomics Aeronautical Systems Inc. (GA-ASI) သည် Sky Guardian ဒရုန်းတွင် တိကျစမတ်လက်နက်များ တပ်ဆင်အသုံးပြုရန် EDGE ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း Defense Post သတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိတ်ဖက်အဖွဲ့သည် ယူအေအီးနိုင်ငံ အဘူဒါဘီအခြေစိုက် EDGE ကုမ္ပဏီ၏ တိကျလမ်းညွှန်နှင့် ပဲ့ထိန်းခဲယမ်းများ (Precision-Guided and Guided-glide Munitions ) ပစ်စွမ်းအားတိုးမြှင့်ရန်အတွက် ဒရုန်းစနစ်တွင် တပ်ဆင်အသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်လည်းဖြစ်သည်။ အဆိုပါ တိကျပဲ့ထိန်းခဲယမ်းများသည် ဝေဟင်မှမြေပြင်တိုက်ခိုက်မှုများ အပါအဝင် ပိုမိုရှုပ်ထွေးနက်နဲသောစစ်ဆင်ရေးများအတွက် သမားရိုးကျဖောက်ခွဲရေးပစ္စည်းများသယ်ဆောင်၍ ပျံသန်းမှုထိန်းချုပ်ရေးကိရိယာများကို အသုံးပြုထားခြင်းမျိုးဖြစ်သည်။

EDGE ကုမ္ပဏီထုတ် တိကျစမတ်လက်နက်အမျိုးအစားများတွင် Desert Sting လက်နက်များ၊ Thunder တိကျပဲ့ထိန်းလက်နက်များနှင့် ရာသီဥတု၊ နေ့ညမရွေးသုံးနိုင်သော Al Tariq တာဝေးပစ်လက်နက်များပါဝင်ကြောင်း သိရသည်။

GA-ASI က အဆိုပါပူးပေါင်းဆောင်ရွက်မှုအရ ယူအေအီးနိုင်ငံထုတ် တိကျစမတ်လက်နက်များကို အမေရိကန်ထုတ် ဒရုန်းတွင် ပထမဆုံးအကြိမ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဆိုထားသည်။

ထိုသို့ အသုံးပြုနိုင်ခြင်းသည် နှစ်နိုင်ငံကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် စာမျက်နှာသစ် ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး နောက်ထပ် မိတ်ဖက်ဆက်ဆံရေးများကို မြှင့်တင်နိုင်ခဲ့ကြောင်း EDGE ကုမ္ပဏီက ထုတ်ဖော်ပြောကြားထားသည်။

ကျွန်ုပ်တို့၏ ဖောက်သည်နိုင်ငံများထံ ရောင်းချပေးထားသော ဒရုန်းများကို ဝယ်ယူသွားသောနိုင်ငံများ၏ ပြည်တွင်းထုတ်စွမ်းရည်များဖြင့် ပေါင်းစည်းခြင်းသည် ကြိမ်ဖန်များစွာ လုပ်ဆောင်ဖူးသည်။ သို့သော် ကျွန်ုပ်တို့၏ ဒရုန်းများကို NATO အဖွဲ့ဝင်နိုင်ငံများမှ ထုတ်လုပ်ထားခြင်း မဟုတ်သည့်အတွက် ယခုကဲ့သို့ လက်နက်စနစ်ကို တစ်ခါမျှ မပေါင်းစည်းဖူးကြောင်း GA-ASI ဥက္ကဋ္ဌ David Alexander က ရှင်းပြခဲ့သည်။

ယူအေအီးစစ်ဘက်သည် လက်ရှိတွင် GA-ASI ထုတ် Predator XP ကို ပိုင်ဆိုင်ထားပြီး MQ-9B ဒရုန်းကို ၎င်း၏ ဒရုန်းအုပ်တွင် ထပ်ပေါင်းအားဖြည့်ရန် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းထားပြီးဖြစ်သည်။

EDGE ကုမ္ပဏီနှင့် GA-ASI တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ယူအေအီးနိုင်ငံ ကာကွယ်ရေး စက်မှုလုပ်ငန်းတစ်ခွင်တွင် နောက်ထပ်ပရိုဂရမ်များကို စတင်နိုင်ရန် မျှော်လင့်ထားသည်။ ထို့ပြင် ယူအေအီးစစ်ဘက်နှင့် စစ်လက်နက်ပစ္စည်းဝယ်ယူနေကျ ဖောက်သည်နိုင်ငံများအတွက် ပြည်ပမှထုတ်လုပ်ထားသော လက်နက်များနှင့် အာရုံခံကိရိယာများကို Sky Guardian ဒရုန်းတွင် ပေါင်းစပ်လုပ်ဆောင်ရန်လည်း မျှော်မှန်းထားသည်။

Sky Guardian ဒရုန်းတွင် ကျွန်ုပ်တို့၏ တိကျစမတ်လက်နက်များကို ပေါင်းစပ်ရန် အခွင့်အရေးသည် သုံးစွဲသူများကို အလွန်တိကျပြီး ကုန်ကျစရိတ်သက်သာသောမြေပြင်တိုက်ခိုက်မှုအတွက် အားသာချက်များ ပိုင်ဆိုင်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယခုအစီအစဉ်အတွက် General Atomics Aeronautical နှင့် နီးနီးကပ်ကပ်လက်တွဲပြီး အနာဂတ်တွင် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကိုအရှိန်မြှင့်တင်ရန် မျှော်လင့်နေကြောင်း EDGE Missiles & Weapons ဥက္ကဋ္ဌ Hamad Al Marar က ပြောကြားခဲ့သည်။

**GA-ASI to Equip Sky Guardian Drone With EDGE Smart Weapons ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၂၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၁၄၇၅ ဧက စိုက်ပျိုးဖို့လျာထားတာ အခု ၁၁၂၅ ဧက စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၁၁ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

(၂၀၆)

# တာချီလိတ်မြို့နယ် ကော်မယ်လိတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တာချီလိတ် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကော်မယ်လိတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများက ကော်မယ်လိတ်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း အသုံးပြုသွားကြရန် မှာကြားခဲ့သည်။



တာချီလိတ်မြို့နယ် ကော်မယ်လိတ်ကျေးရွာ၌ လမ်းအရှည် ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးလက်နေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးမြင့်သာယာကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Nature Link Pay Co.,ltd (Trusty) နှင့်ပူးပေါင်းပြီး Mobile Financial Payment စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘုန်း**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၁၁-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မီးခံဘီလပ်မြေပြောင်းစက်ရုံ(မှော်ဘီ)နှင့် အမှတ်(၃၄)အကြီးစားစက်ရုံ(သာယာဝတီ)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ မီးခံဘီလပ်မြေပြောင်းစက်ရုံ(မှော်ဘီ)သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက စက်ရုံသမိုင်းကြောင်းနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ အမှတ်(၃၄)အကြီးစားစက်ရုံ(သာယာဝတီ)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံမှ ထုတ်လုပ်သော ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာလျှင် ဈေးကွက်ဝေစုများစွာရရှိမည်ဖြစ်၍ ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင် အရည်အသွေးစစ်ဆေးရမည့်နေရာများသတ်မှတ်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်စေရေးအတွက် မိမိထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဈေးကွက်သုတေသနပြုလုပ်သည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်ရုံရေရှည်ရပ်တည်လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူ၊သတင်း၊စာရွက်စာတမ်း၊ လုံခြုံရေးကိုလည်း အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားပြီး အိမ်သုံးကြွေထည်ပစ္စည်းအမျိုးမျိုး၊ ကြွေပြားများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လက်ပံတန်းမြို့ရှိ ရွှေတောင်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တက္ကာစက္ကထံသို့ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုများက လှူဒါန်းသည့် လှူဖွယ်ဝတ္ထုငွေနှင့်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ ယမန်နေ့မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့နယ်ခန်းမဆောင်၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအနေဖြင့် စုစုပေါင်း အိမ်ထောင်စု ၁၂ ဒသမ ၄ သိန်းကျော်ကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် အောက်တိုဘာ ၃၁ ရက်အထိ e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် ကောက်ယူမှု ၈ ဒသမ ၄ သိန်းကျော်၊ အိမ်ထောင်စုစာရင်းမရှိသဖြင့် အလွတ်ပုံစံများဖြင့် ကောက်ယူမှုကိုးသောင်းခန့် စုစုပေါင်း ၉ ဒသမ ၃ သိန်းကျော်ကောက်ယူပြီးစီးခဲ့ကြောင်း။

အလွတ်ပုံစံဖြင့် ကောက်ယူခဲ့သည့် အိမ်ထောင်စုများအတွက် အမှန်တကယ် အိမ်ထောင်စုစာရင်းရှိမရှိ စိစစ်၍ မြို့နယ်အဆင့်ဖွဲ့စည်းထားသည့် ငါးဦးကော်မတီဖြင့် အသေးစိတ်စိစစ်အတည်ပြုကာ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသူများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အချက်အလက်ကွဲလွဲနေသူများ၊အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုင်ဆောင်ထားသူများ၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်နှင့်အထက်မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်းမရှိသူများကိုလည်း စနစ်တကျစိစစ်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲကျင်းပချိန်တွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ကြမည်ဖြစ်ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ၁၅ ရက်ကြာ ကောက်ယူသွားမည်ဖြစ်ရာ လုပ်ငန်းများအောင်မြင်ရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစသည့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းကာ မထပ်မကျန်စာရင်းမှန်ရရှိရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန်လိုအပ်ပါကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူဆောင်ရွက်မှုနှင့် ကောက်ယူရန်ကျန်ရှိသည့်ဒေသများကို ဆက်လက်ကောက်ယူဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက နယ်မြေဒေသအလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် စီစဉ်ထားရှိမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးအဆောက်အအုံအခြေအနေနှင့် ရုံးခန်းများ ဖွဲ့စည်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရှေ့ဖုံးမှအဆက်

92 Ron ဂါလန် ၁ သန်း ၄ သိန်းကျော်၊ 95 Ron ဂါလန် ၃ သိန်း ၆ သောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၁ သန်း ၁ သိန်း ၅ သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ၁ သန်း ၅ သိန်း ၄ သောင်းကျော်ကို ပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီ လာရောက်ဝယ်ယူမှုအခြေအနေမှာ ပုံမှန်အတိုင်းဖြစ်ပြီး ပြည်သူများက စက်သုံးဆီများကို အမျိုးအစားအလိုက် လုံလောက်စွာဝယ်ယူသုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကမ္ဘာလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင်ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း)၊ စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)၊ စာပေပညာရှင်ဆရာကြီး ဦးချစ်စံ(ချစ်စံဝင်း)နှင့် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ)တို့ရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး **ဒေါက်တာသန်းဦး(ပြည်စိုးမင်း)**၊စာရေးဆရာမကြီး **ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)**၊ စာပေပညာရှင် ဆရာကြီး **ဦးချစ်စံ(ချစ်စံဝင်း)** နှင့် စာပေပညာရှင် ဆရာကြီး**ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်- မြန်မာစာ)** တို့ကို ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထို့နည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာ(ဂန္ထဝင်)ဆုတွင် **မောင်စိမ်းနောင်(လယ်ဝေး)** ရေးသားသည့် **ချစ်တေးသီပါ ကျေးတမာကဗျာများ** စာအုပ်(ပန်းရဂုံစာပေတိုက်)၊ စာပဒေသာဆုတွင် **ဝေလွင်မောင်**ရေးသားသည့် **ကိုယ်နှင့်သက်ကို နှင်းဆက်လို၍** စာအုပ်(မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဆုတွင် **အောင်သျှန်ပိုင်း (ကျိုက်မရော)** ရေးသားသည့် **မြန်မာ့ဂီတသုရဲကောင်း စန္ဒရားဒေါက်တာဦးရည်နွယ်** စာအုပ်(အရှက်ဦးစာပေတိုက်)၊ ကလေးစာပေဆုတွင် **ဝတ်ရည်ခင်(ပဲခူး)** ရေးသားသည့် **မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများစာအုပ်** (စာပေဗိမာန်)၊ ဘာသာပြန်(သုတ)ဆုတွင် **ဒေါက်တာတင်ဘုန်းကျော်** ရေးသားသည့် **စူပါပါဝါပြိုင်ပွဲနှင့် AI နည်းပညာ**စာအုပ် (စာပေဗိမာန်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် **ဦးကျော်မြင့် G.A** ရေးသားသည့် **အသုံးချမြေယာနှင့်အုပ်ချုပ်ရေး** စာအုပ် (စိတ်ကူးချိုချိုစာပေတိုက်)၊ သုတပဒေသာ(အသုံးချသိပ္ပံ) ဆုတွင် စုလှိုင်တင့်ရေးသားသည့် **ဇီဝအန္တရာယ်ကျရောက်နိုင်ခြေများအား စီမံခန့်ခွဲခြင်း** စာအုပ် (ဦးဟန်မျိုး နောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် **သက်နိုင်ဦး(ကျည်ကာ)** ရေးသားသည့် **တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်း** စာအုပ်(ရောဝဏ်စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် **Win Thein** ရေးသားသည့် **My Anthology of Nation- Building Endeavours** စာအုပ်(**Aung Myo Publishing House**)၊ ရသစာတမ်း(အက်ဆေး) စာပေဆုတွင် **မြေလတ်မောင်မြင့်သူ** ရေးသားသည့် **နာမည်လေးမွှေးလို့ ချစ်ချင်သည်** စာအုပ်(လင်းလွန်းခင် စာပေတိုက်) နှင့် ရည်ညွှန်းစာပေဆုတွင် **အရှင်ပညာသာရ(မဟာဓမ္မပါလဆရာတော်)** ရေးသားသည့် **မြန်မာ့ရှေးရိုးပန်းချီဗုဒ္ဓဝင်**စာအုပ် (ကြီးပွားရေးစာပေတိုက်)တို့ကိုရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေ တစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ **ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်**ဟူသော အဆင့် သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း စာပေဗိမာန်ရှိ အတွင်းရေးမှူးရုံးအဖွဲ့ တယ်လီဖုန်းအမှတ် ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ × ၇)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို ၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

**ဝတ္ထုရှည်**ဆုတွင် **ပထမဆု**ကို **တက္ကသိုလ်မြမွန်**၏ **တောင်ဇလပ်ပန်းတို့လန်းပါစေ**၊ **ဒုတိယဆု**ကို **ရဲမင်းစိုး**၏ **အဖေ့အရိပ်များ**၊ **တတိယဆု**ကို **ဝတ်ရည်ခင်(ပဲခူး)**၏ **ဝတ်မှုန်ကူးရိုန်** စာမူများကလည်းကောင်း၊ **ဝတ္ထုတိုပေါင်းချုပ်**ဆုတွင် **ပထမဆု**ကို **တင်တော်**၏ **"တုမဲ့နှုန်း၍ ရွှေဘုန်းမော်နိုင်ပါစေ" နှင့် ဝတ္ထုတိုများစုစည်းမှု**၊ **ဒုတိယဆု**ကို**နိုင်မျိုးသစ္စာ(နမ္မတူ)**၏**ကမ္ဘာဆုံးတိုင်မုန်းနေမည် ဝတ္ထုတိုများ**၊**တတိယဆု**ကို **မင်းလပြည့်(ဟားခါး)**၏ **နှံ့ထဲက ပန်းရွှေကြာနှင့်အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ **ကဗျာပေါင်းချုပ်ဆု**တွင် **ပထမဆု**ကို **ဘုန်းမြင့်ချို(သာယာဝတီ)**၏ **ပိုးကိုက်ရာကင်း ပန်းတစ်ခင်းကဗျာများ**၊ **ဒုတိယဆု**ကို **လုလင်(မှော်ဝန်းမြေ)**၏ **ဘဝပုံရိပ်ကဗျာများနှင့် အခြားကဗျာများ**၊ **တတိယဆု**ကို **မြတ်ဘုန်း (တပ်ကုန်း)**၏ **နှလုံးလှအမေရဲ့ဓာတ်စင်နှင့်အခြားကဗျာများ** စာမူများကလည်းကောင်း၊ **သုတပဒေသာ (ဝိဇ္ဇာ)ဆု**တွင် **ပထမဆု**ကို **ယဉ်ယဉ်မွန်(ရှေးဟောင်းသုတေသန)**၏ **မြို့တည်နန်းတည် ကေတုမတီ (တောင်ငူ)**၊ **ဒုတိယဆု**ကို **မောင်မောင်ချစ်ဦး(မုံရွာ)**၏ **မြန်မာ့မြေပေါ်မှ ပြည်ပစစ်သချိုင်းများ၏သမိုင်းပုံရိပ်များ**၊ **သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆု**တွင် **ဒုတိယဆု**ကို **မခင်ကြီးမောင်(သတ္တဗေဒ)**၏ **ငှက်သဘာဝထိန်းသိမ်းကြ သာစွဌာနေတို့မြန်ပြည်**၊ **တတိယဆု**ကို **လှဆန်း(စိုက်ပညာရှင်)**၏ **စပျစ်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာနှင့် သတင်းအချက်အလက်များ**ကလည်းကောင်း၊ **စာပဒေသာဆု**တွင် **ပထမဆု**ကို **နေခင် (ပေါက်ခေါင်း)**၏ **မြောက်ပိုင်းဒေသ ဘဝမှတ်တမ်း**၊ **ဒုတိယဆု**ကို **အောင်ဘ(အုတ်ဖို)**၏ **လူဆိုးပြေးတော့ လူကောင်းရောက်ပြီ**၊ **တတိယဆု**ကို **မျိုးမြင့်ကြိုင်(သင်)**၏ **အမ်းမြို့သို့ ရက်ပေါင်း(၁၀၀)နှင့် အမြင်အတွေးများဖြင့် ခရီးသွားခြင်း**စာမူများကလည်းကောင်း၊ **မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ** စာပေဆုတွင် **ပထမဆု**ကို **စောပုလဲမယ်**၏ **ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ**၊ **ဒုတိယဆု**ကို **တင့်ထွန်း(ချောက်)**၏ **သားကလေ့ယာဉ် ဖခင်လေ့မှူး**၊ **တတိယဆု**ကို **ကွမ်ဆာသန်းနိုင်(ကတူး)**၏ **နာမည်မှည့်ခေါ်ပုံစနစ်များ** စာမူများကလည်းကောင်း၊ **ကလေးစာပေဆု**တွင် **ပထမဆု**ကို **သက်ဦးခင်**၏ **မြန်မာ့ရတနာကလေးကဗျာများ**၊**ဒုတိယဆု**ကို **အင်ကြင်းမေ**၏**ပန်းကလေးများပွင့်တော့မည်နှင့်ကလေးကဗျာများ**၊ **တတိယဆု**ကို **နိုင်ချစ်အောင်**၏ **ညီနောင်သုံးဖော်နှင့်ကလေးကဗျာများ** စာမူများကလည်းကောင်း၊ **လူငယ်စာပေဆု**တွင် **ပထမဆု**ကို **ဆောင်းချစ်**၏ **ချယ်ရီလက်ဆောင် ပန်းလက်ဆောင်**၊ **ဒုတိယဆု**ကို **နိုက်**၏ **ပေးချင်တဲ့အမွေနှင့်အခြားစာစုများ**၊ **တတိယဆု**ကို **ယဉ်မင်း(ပန်းတောင်း)**၏ **ရွှေရန့်နှင့် အခြားလူငယ်ဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ **နိုင်ငံရေးစာပေဆု**တွင် **တတိယဆု**ကို **ခင်ဇ(စက်မှု)**၏ **သူ့ကျွန်မခံလိုကြသူများ** စာမူကလည်းကောင်း၊ **ပြဇာတ်စာပေဆု**တွင် **ပထမဆု**ကို **သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)**၏ **နိုင်ရွှေညာနဲ့ မာလာမွန်** စာမူကလည်းကောင်း၊ **ဘာသာပြန်စာပေဆု**တွင် **သုတေသီမောင်ဟန်**၏ **ရာသီဥတုပြောင်းလဲမှု** စာမူကလည်းကောင်း၊ **အင်္ဂလိပ်စာပေဆု**တွင် **ပထမဆု**ကို **Khin Maung Myint** ၏ **Memoirs of an Old Sailor** စာမူကလည်းကောင်း ရရှိကြပါသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ခုနစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရပါသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၁၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၂ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၇၇ စောင်ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားကာ **ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်**ဟူသော အဆင့် သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးအဖွဲ့ တယ်လီဖုန်းအမှတ် ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅ × ၇)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို ၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည့် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၃ ရက် နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


☐ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**

ပြည်သူများအနေဖြင့် ကောလာဟလများကိုယုံကြည်ပြီး ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများဆုံးရှုံးနိုင်သည့် အခြေအနေမျိုးဖြစ်ပေါ်နိုင်ပါသည်။ထို့ပြင်ဘဏ်များ၏ ပြင်ပတွင်ငွေသားများကို လိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကိုပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ပြည်သူများအနေဖြင့် ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့်ထုတ်ယူသည်၊မည်သည့်နေရာတွင်သုံးစွဲသည်စသည့် သံသယဖြစ်ဖွယ်အခြေအနေများအတွက် တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းကိုလည်းခံရနိုင်ဖွယ်ရှိပါသည်။ လက်ရှိအခြေအနေတွင် ဘဏ်များတွင် ငွေသားများအလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကိုလိုသည်ထက်ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ဘဏ်လုပ်ငန်းစနစ်အပေါ်တိုက်ခိုက်နေသည့် ကောလာဟလသတင်းများ၊ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် TNLA နှင့် PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့ များက ဖျက်ဆီးခဲ့သောတံတားများကို ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကယားပြည်နယ် လွိုင်ကော်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ် ချောင်းနှစ်ခွတို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ ဘဏ်တွေကိစ္စကို ပထမဦးဆုံး ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လတ်တလောဖြစ်နေတဲ့ အခြေအနေအပေါ် မှာ အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပအဖျက်သမားတွေက နိုင်ငံတော်ရဲ့စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေကိုပါ မတည်မငြိမ်ဖြစ်အောင် ပြည်ဖျက်မီဒီယာတွေနဲ့ပူးပေါင်းပြီး ကြံစည်ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ စီးပွားရေးကဏ္ဍမှာဆိုရင် ပထမဦးဆုံး ဒီလထဲမှာပဲ စက်သုံးဆီကဏ္ဍကို မဟုတ်မမှန်သတင်းတွေဖြန့်ပြီး စတင်ပြီး မတည်ငြိမ်အောင် ဆောင်ရွက်ခဲ့တယ်။ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်မှာ ဆီလက်ကျန်ဘယ်လောက်ရှိတယ်၊ နောက်ထပ်ရောက်ရှိလာမယ့် ဆီသင်္ဘောတွေက ဘယ်လိုရှိတယ်၊ဆီဖြန့်ဖြူးမှုဘယ်လိုရှိတယ်ဆိုတာကို စာရင်းအတိအကျနဲ့ ခိုင်မာစွာဖြေရှင်းမှု ငြိမ်သွားတဲ့သဘောရှိတယ်။ အခုထပ်ပြီး ဘဏ်လုပ်ငန်းစနစ်တွေအပေါ် မှာ မမှန်မကန်သတင်းတွေ ဖြန့်ဝေပြီး တိုက်ခိုက်လာတာကိုတွေ့ရတယ်။ အဓိက တိုက်ခိုက်တာကတော့ လေးမျိုးဖြစ်ပါတယ်။ နံပါတ်(၁)က ဘဏ်တွေမှာ ငွေထုတ်ယူဖို့ အခက်အခဲဖြစ်ပေါ်နေတယ်ဆိုတဲ့အချက်၊ နံပါတ်(၂)က အကန့်အသတ်ဖြင့်သာ ငွေထုတ်ပေးနေတယ်ဆိုတဲ့ အချက်၊ နံပါတ်(၃)ကတော့ ဘဏ်တွေမှာ ငွေမရှိတော့ဘူးဆိုတဲ့ ကောလာဟလ၊ နံပါတ်(၄)က ဘဏ်အပ်ငွေတွေကို ပြည်သူလူထုတွေ အများအပြားထုတ်ယူနေကြတယ်ဆိုတဲ့ ကောလာဟလ ဖြစ်ပါတယ်။ ဒီအချက် လေးချက်ကိုထုတ်ပြီး တိုက်ခိုက်ပါတယ်။ ဒီလို မမှန်သတင်းဖြန့်ဝေပြီး ဘဏ်လုပ်ငန်းစနစ်အပေါ် တိုက်ခိုက်မှုတွေကို ၂၀၂၁ ခုနှစ်မှာလည်း ကျယ်ပြန့်စွာပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီမှာ နိုင်ငံတော်အစိုးရနဲ့ ဗဟိုဘဏ်က သက်ဆိုင်ရာဘဏ်အသီးသီး၊ ပြည်သူလူထုနဲ့လက်တွဲပြီး ဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်တိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုအချိန်မှာလည်း ထပ်ပြီး တိုက်ခိုက်လာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ဘဏ်လုပ်ငန်းစနစ်က အလိုအလျောက် စီမံခန့်ခွဲနိုင်တဲ့ ဗဟိုထိန်းချုပ်တဲ့စနစ် Core Banking System ဖြစ်ပါတယ်။ ဒီစနစ်အကြောင်းကို ရှင်းပြရမယ်ဆိုရင် ပြည်သူလူထုပဲဖြစ်ဖြစ်၊ ပြည်သူလူထုတစ်ဦးချင်းစီပဲဖြစ်ဖြစ်၊ အဖွဲ့လိုက်ပဲဖြစ်ဖြစ် ဘဏ်တစ်ခုမှာအပ်ထားပြီဆိုရင် အဲဒီဘဏ်မှာတင် သူ့ရဲ့စာရင်းကရှိတာမဟုတ်ဘူး။ ဗဟိုဘဏ်မှာရော အဲဒီဘဏ်နဲ့သက်ဆိုင်တဲ့ ဗဟိုဌာနချုပ်မှာရော သူ့ရဲ့စာရင်းကရှိပြီးဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုအနေနဲ့ ဘာမှဆုံးရှုံးစရာအကြောင်း မရှိပါဘူး။ ပြည်သူလူထုတစ်ဦးချင်းစီအနေနဲ့ နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုထားတဲ့ မည်သည့်ဘဏ်မှာမဆို အပ်ငွေအပ်နှံထားရင် နံပါတ်(၁) ပိုင်ဆိုင်မှု၊ နံပါတ်(၂) လွှဲပြောင်းမှု၊ နံပါတ်(၃) ပြန်လည်ထုတ်ယူမှုတွေကို ခိုင်မာတဲ့အာမခံချက်ရှိပြီးဖြစ်တယ်လို့ အသိပေးချင်ပါတယ်။




ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေတဲ့အစိုးရဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၆၅ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်လို့ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ဒါကြောင့် ပြည်သူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းအသီးသီးတို့ရဲ့ ဘဏ်အပ်ငွေတွေ၊ ပိုင်ဆိုင်မှုတွေကို နိုင်ငံတော်အစိုးရက ခိုင်မာစွာအာမခံတယ်လို့ အာမခံပြောကြားလိုပါတယ်။ ပြည်သူလူထုကလည်း အစောပိုင်းကပြောတဲ့ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့ တာဝန်အခန်းမှာပါတဲ့ ပုဒ်မ ၃၈၈ မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ လိုပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်မှု ပျက်ယွင်းစေဖို့အတွက် ဘဏ်လုပ်ငန်းစနစ်အပေါ် မှာ မမှန်သတင်းထုတ်လွှင့်ရတဲ့ ရည်ရွယ်ချက်အနေနဲ့ ဘာတွေရှိလဲလို့ ပြောရမယ်ဆိုရင် ဘဏ်လုပ်ငန်းတွေအပေါ် မှာ ယုံကြည်မှုတွေလျော့လာပြီး မလိုအပ်ဘဲ ငွေတွေထုတ်ယူကြမယ်ဆိုရင် အဲဒီငွေတွေကြောင့်ငွေကြေးဖောင်းပွမှုတွေ ဖြစ်ပေါ်လာမယ်၊ ငွေကြေးဖောင်းပွမှုတွေဖြစ်ပေါ်လာရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေဖြစ်ပေါ်လာဖို့အတွက် ရည်ရွယ်ပြီးတိုက်ခိုက်တာဖြစ်တယ်။ ဒါကြောင့် ဘဏ်တွေနဲ့ပတ်သက်တဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေနဲ့ ပြည်ဖျက်မီဒီယာတွေက မမှန်သတင်းထုတ်လွှင့်မှုကို ပြည်သူလူထုအနေနဲ့ မယုံကြည်ကြဖို့ပြောလိုပါတယ်။ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝတည်ငြိမ်ရေးအတွက် အစိုးရ၊ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံအသိပေးလိုပါတယ်။

ဒုတိယအချက်အနေနဲ့ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ် မှာ ဒီနေ့မှာ ကျွန်တော်တို့အနေနဲ့ TNLA နဲ့ PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့တွေအနေနဲ့ နောင်ချိုမြို့ မရောက်ခင်မှာသုံးနေရာ လမ်းမကြီးပေါ် မှာ တံတားငယ်တွေကို ဖျက်ဆီးသွားတာ၊ မြေဖျက်ကျင်းတွေတူးပြီး လမ်းကိုဖျက်ဆီးသွားတာရှိတယ်။ နောင်ချိုနဲ့ကျောက်မဲကြားမှာ ကိုးနေရာ အဲဒီလိုပဲ တံတားငယ်တွေကို ချိုးသွားတာ၊ မြေဖျက်ကျင်းတွေ တူးပြီး လမ်းကိုဖျက်ဆီးသွားတာရှိတယ်။ အဲဒီ ၁၂ နေရာစလုံးကို ကျွန်တော်တို့အနေနဲ့ ဒီနေ့မှာအားလုံး ပြင်ဆင်ပြီးဖြစ်ပါတယ်။ နောက်ထပ်တိုးချဲ့ပြီး ပြင်ဆင်သွားမှာဖြစ်ပါတယ်။ဒီလမ်းမကြီးနဲ့ ပတ်သက်ရင် ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် အရေးကြီးတဲ့လမ်းမကြီးဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ အဓိက ကုန်စည်ကူးသန်းရောင်းဝယ်တဲ့ လမ်းမကြီးဖြစ်တဲ့အတွက် အမြန်ဆုံးလုံခြုံမှုရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်တွေအနေနဲ့ကတော့ ဒီနေ့မှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်တဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသ နမ့်ခမ်းမှာ စခန်းငယ်တစ်ခုကို တိုက်ခိုက်ခံရတာရှိတယ်။ နောက်ပြီး အဲဒီစခန်းငယ်ကို ကျွန်တော်တို့ ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာရှိတယ်။ နောက်တစ်ခုကတော့ နမ့်ဖတ်ကာမှာ MNDAA၊TNLA အကြမ်းဖက်အဖွဲ့အနေနဲ့ ရပ်ကွက်ထဲကို စိန်ပြောင်းပုံးသီးနဲ့ ပစ်ခတ်ခဲ့တာရှိတယ်။ ပြည်သူလူထု ထိခိုက်ဒဏ်ရာရမှုအချို့ရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ လွိုင်ကော်မှာတော့ ထိတွေ့တိုက်ပွဲများဖြစ်ပွားလျက်ရှိပါတယ်။ သောင်းကျန်းသူတွေအနေနဲ့ နေရာတိုင်းမှာအကျအဆုံးများစွာရှိတယ်လို့ သိရပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ထရွန်အိုင်ဘက်မှာတော့ စခန်းကို လာရောက်ပစ်ခတ်တာရှိပါတယ်။ ကထိလဘက်မှာလည်း ရဲကင်းစခန်းကို လာရောက်ပစ်ခတ်တဲ့ ထိတွေ့မှုရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ချောင်းနှစ်ခွမှာ ရဲကင်းစခန်းပေါ့ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး လုံခြုံရေးဆောင်ရွက်နေတဲ့နေရာကို တိုက်ခိုက်နေတာ သုံးရက်နီးပါးရှိပြီဖြစ်ပါတယ်။ ဒီနေ့ထိ တိုက်ခိုက်လာတဲ့ ရန်သူတွေကို ကောင်းမွန်စွာခုခံလျက်ရှိပါတယ်။ ဒီအတွက် ချောင်းနှစ်ခွလုံခြုံရေးစခန်းမှာရှိတဲ့ စစ်သည်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားလုံးရဲ့ ကြံ့ကြံ့ခံပြီးရန်သူကိုခုခံနိုင်မှုအပေါ် အသိအမှတ်ပြုကြောင်းလည်း ပြောကြားလိုပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ကတော့ ဒီနေ့ဖြစ်ခဲ့တဲ့ ထိတွေ့တိုက်ပွဲတိုင်းမှာ တပ်မတော်အနေနဲ့ရန်သူကို ကောင်းမွန်စွာ ပြန်လည်ချေမှုန်းနိုင်ခဲ့ကြောင်း အသိပေးပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း နိုင်ငံတော်ကာကွယ်ရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များကို ရင်းနှီးနွေးထွေးစွာကြိုဆိုစဉ်။

☆ **ကျောဖုံးမှအဆက်**

ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အဖွဲ့သည် နေ့လယ်ပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုကြကာ ရွှေစာပုသိမ်ထီးလုပ်ငန်းကို သွားရောက် ကြည့်ရှုလေ့လာကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ရောက်ရှိကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ထို့နောက် ချောင်းသာ အပန်းဖြေစည်းရိပ်သာ၌ တိုင်းမှူးက အမှာစကားပြောကြားပြီး ဒေသထွက်စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်တော် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ဆရာတော်ထံ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ကထိန်လျာ သင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်တော် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အနောက်ခင်မကန်တိုက် သိမ်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထေရိယ အမှူးပြုသည့် ဆရာတော် သံဃာတော် ၃၂ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ် ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ ဧည့်ပရိသတ်များကအနောက်ခင်မကန်ကျောင်းတိုက်ရှိ ၃၃ ကျောင်းအတွက် လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် အရ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အနောက်ခင်မကန်တိုက် သိမ်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထေရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် အနောက်ခင်မကန်ကျောင်းတိုက် တိုက်ကြပ် ဖြူပွှာမင်းကျောင်း ဆရာတော် ဘဒ္ဒန္တကေသရထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်များထံ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အနောက်ခင်မကန်တိုက် သိမ်ကျောင်းဆရာတော်ထံမှ ကထိန်အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၅၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်စဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၅၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၁) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ကျင်းပပြုလုပ်ရာက ချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါစုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် စုစုပေါင်း ငွေကျပ် ၄၆၇၃၅၁၀၀ တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ပါဝင်သောပဒေသာပင် ၂၂ ခုကို တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမမှ မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၈၃ ဦးတို့ကို အဆိုပါ ကျေးရွာရှိစံပယ်ခြံတပ်ဦးကျောင်းတိုက်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်မှ သံဃာတော် ၁၄၈ ပါးတို့ကိုအဆိုပါကျောင်းတိုက်၌လည်းကောင်း ယနေ့တွင်သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG ၊ Ultra-sound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ကျောင်းသား၊ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့်ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်တပ်နယ်အသီးသီး၌လည်း တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများအသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တောင်ငူမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကိုလေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နှင့် မိုင်းခတ်မြို့တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့နယ်၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့နယ်၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း၊အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး) ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမဦးစီးဌာန**
**ကြေညာချက်**

**သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး) ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင်၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ် (၂၀၂၃ ခုနှစ်အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝက်)သင်တန်းများကို နိုဝင်ဘာ ၁၆ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်) သင်တန်းအားလုံးကို နိုဝင်ဘာ ၂၃ ရက်၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းကို နိုဝင်ဘာ ၉ ရက်၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် သက်ဆိုင်ရာ သမဝါယမကောလိပ်များတွင် ကြေညာပေးသွားမည်ဖြစ်သည်။

**သမဝါယမဦးစီးဌာန**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ngu War Snow Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃)နေ ငုဝါကျော်(ခ) ငုဝါစနိုးလေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ "Tin Mwae" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပါဆပ်ရပ်ကွက်နေ တင်မွှေးကို ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Htwe Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက်နေ ထွေးထွေးကို ည ၈ နာရီတွင်လည်းကောင်း၊ "Khaing Thin Zar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခိုင်သဉ္ဇာ(ခ)အိဖြူကို ည ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဟာဂျီးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်



**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဘစ်ကျွန်းရှိ မက်ခရိနယ်မြေတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များသည် ဗာဂျီးနီးယားပြည်နယ်အလယ်ပိုင်းထိ ပျံ့နှံ့ရောက်ရှိနေသဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း ဗာဂျီးနီးယားပြည်နယ် ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက စတင်ဖြစ်ပွားခဲ့ပြီး သစ်တောမြေ ၅၉၇၈ ဧကထိ လောင်ကျွမ်းပျက်စီးနေကြောင်း၊ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းနေသည့် ဧရိယာအနီးတွင် စာသင်ကျောင်းအမြောက်အမြားရှိနေပြီး မီးခိုးငွေ့များပျံ့နှံ့ရောက်ရှိနေသည့်အတွက် ကျန်းမာရေးဦးစီးဌာနကလည်း စာသင်ကျောင်းများတွင် လေထုညစ်ညမ်းမှုသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသော်လည်း နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်း မရှိသေးကြောင်း၊ တောမီးလောင်ကျွမ်းမှုကိုထိန်းချုပ်နိုင်ရန် နီးစပ်နေပြီဖြစ်သော်လည်း လေထုညစ်ညမ်းမှုပြဿနာဖြင့် ရင်ဆိုင်ရနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း ဗာဂျီးနီးယားပြည်နယ် ကျန်းမာရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဒေသများမှာ ရော့ဘရစ်ချ်ဒေသ၊ ဘက်ဖို့ဒ်ဒေသ၊ ဩဂုတ်စတာဒေသ၊ ရော့ကင်းဟမ်ဒေသ၊ ရှိနန်ဒိုဒေသ၊ ပေ့ချ်ဒေသ၊ ဖရက်ဒါရစ်ဒေသ၊ ဝါရင်ဒေသ၊ အမ်ဟက်ဒေသ၊ အယ်ဘီမာလီဒေသနှင့် နယ်လ်ဆင်ဒေသတို့ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံတွင် မြေငလျင်လှုပ်ခတ်မှုကြောင့် လူခြောက်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

**မနီလာ နိုဝင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် နိုဝင်ဘာ ၁၇ ရက်က ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားသဖြင့် လူခြောက်ဦးသေဆုံးပြီး လူနှစ်ဦးပျောက်ဆုံးနေသည်ဟု ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြေငလျင်သည် မြေအောက်အနက် ၆၀ ကီလိုမီတာအကွာမှ ဇဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်သော်လည်း ပြင်းအားများခဲ့သည့်အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မြေငလျင်လှိုင်းသည် တောင်ကိုတာဘာတိုစီရင်စုထိပါ ရောက်ရှိခဲ့ကြောင်း၊ မြေငလျင်ကြောင့် လမ်းမကြီးတချို့လည်း ပျက်စီးခဲ့ပြီး ဓာတ်တိုင်တချို့လဲကျခဲ့သဖြင့် မင်ဒါနာအိုကျွန်းတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရသည့်နေအိမ်အမြောက်အမြားရှိကြောင်း သိရသည်။

“မြေငလျင်လှုပ်ခတ်မှုကြောင့် တောင်ကိုတာဘာတိုစီရင်စု၊ ဆာရန်ဂါနီစီရင်စုနဲ့ ဒါဗာအိုစီရင်စုတို့မှာ သေဆုံးသူ ခြောက်ယောက်ရှိခဲ့ပါတယ်။ လမ်းမကြီးတချို့ ပျက်စီးခဲ့တဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်နေပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ ပျောက်ဆုံးသူနှစ်ယောက်ရှိခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းတွေက ရှာဖွေပေးနေပါတယ်”ဟု ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောင်ကိုတာဘာတိုစီရင်စု ဂျန်နရယ်ဆန်းတိုစ်မြို့၌ နေအိမ်အတွင်း ကွန်ကရစ်နံရံပြိုကျပိမိ၍ ဇနီးမောင်နှံနှစ်ဦး သေဆုံးသွားခဲ့ပြီး ဈေးဝယ်စင်တာတစ်ခုတွင်လည်း မျက်နှာကြက်ပြိုကျသဖြင့် အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ကြောင်း၊ ကျန်သေဆုံးသူနှစ်ဦးမှာ ဆာရန်ဂါနီစီရင်စုမှဖြစ်ပြီး တစ်ဦးမှာ ဒါဗာအိုစီရင်စုမှ အသက် ၇၉ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

မြေငလျင်ကြောင့် အန်ဂျယ်ဒူဂါဒူဂါဒေသတွင် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး ဒေသခံနှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများကလည်း ပျောက်ဆုံးနေသူနှစ်ဦးကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ပါကစ္စတန်နိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းများနှင့် ရုံးများ ပိတ်ထားမည်

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၈**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် မီးခိုးမြူများ ထူထပ်စွာကျရောက်နေပြီး လေထုညစ်ညမ်းမှုအခြေအနေများကြောင့် စာသင်ကျောင်းများနှင့်ရုံးများကို ပိတ်ထားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ကြေညာခဲ့သည်ဟု နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ပြည်နယ်တစ်ဝန်းတွင် မီးခိုးမြူတားဆီးရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်နေပြီး လေထုညစ်ညမ်းမှုအခြေအနေ ဆိုးရွားနေသဖြင့် ယနေ့တွင် စာသင်ကျောင်းများနှင့် ရုံးများကိုပိတ်ထားရန် ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် မိုဆင်နက်ဗီက အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူဦးရေ ၁၁ သန်းရှိသည့် ပါကစ္စတန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော လာဟိုးမြို့သည် ယခုသီတင်းပတ်အတွင်း မီးခိုးမြူများထူထပ်စွာဖြစ်ပေါ်နေမှုအခြေအနေများကြောင့် ကမ္ဘာ့လေထုအညစ်ညမ်းဆုံး မြို့သုံးမြို့စာရင်းတွင် ပါဝင်လျက်ရှိပြီး ပန်ဂျပ်ပြည်နယ်အစိုးရအဖွဲ့က ပြုလုပ်ခဲ့သော မီးခိုးမြူများဆိုင်ရာကော်မတီအစည်းအဝေးပွဲအပြီးတွင် မီးခိုးမြူတားဆီးရေးအတွက် စာသင်ကျောင်းများနှင့် ရုံးများကိုပိတ်ထားရန် ကြေညာချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ လာဟိုးမြို့ရှိ အဓိကနေရာ ၁၂ နေရာတွင် မီးခိုးမြူသန့်စင်ရေးလေစစ်ကိရိယာများကို တာဝန်ရှိသူများက တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် မိုးအတုရွာသွန်းခြင်းလုပ်ဆောင်နိုင်ရန် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် မိုဆင်နက်ဗီက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : AZH**



# မွန်တားနားတက္ကသိုလ်၏ သုတေသနလုပ်ငန်းအတွက် ကိုလံဘီယာမြစ်ဝှမ်းပြန်လည်ထူထောင်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်း ပံ့ပိုး

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်နိုင်ငံ မွန်တားနားတက္ကသိုလ် ဇီဝဗေဒဌာနက ပြုလုပ်မည့် သုတေသနလုပ်ငန်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအေဂျင်စီ၏ ကိုလံဘီယာမြစ်ဝှမ်း ပြန်လည်ထူထောင်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်း ပံ့ပိုးခဲ့သည်ဟု အဆိုပါတက္ကသိုလ်က ထုတ်ပြန်ခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါသုတေသနလုပ်ငန်းတွင် မြစ်ဝှမ်း ရေထုအတွင်းသို့ ပတ်ဝန်းကျင်မှ အဆိပ်အတောက်များဝင်ရောက်ခြင်းမှ ကာကွယ်ခြင်းဖြင့် ရေအရည်အသွေးမြှင့်တင်ရန်၊ ရေထုညစ်ညမ်းမှုကိုလျှော့ချရန်နှင့် ရေအဆိပ်အတောက်ဖြစ်မှုများ လျှော့ချရန် နည်းလမ်းများကို ပြည်သူများအား အသိပညာပေးခြင်းကို အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

“ဒီသုတေသနလုပ်ငန်းမှာ ပိုးသတ်ဆေးစားသုံးမိတဲ့ငါးတွေကို လူတွေစားသုံးမိခြင်းဖြင့် ကျန်းမာရေးအန္တရာယ်ထိခိုက်မှုနဲ့ ပတ်သက်ပြီး ဖြေရှင်းရမဲ့လုပ်ငန်းတွေနဲ့ ရေထုညစ်ညမ်းမှုလျှော့ချဖို့ ပြည်သူတွေကို အသိပညာပေးတဲ့လုပ်ငန်းတွေလဲ ပါဝင်မှာဖြစ်ပါတယ်”ဟု မွန်တားနားတက္ကသိုလ် ဇီဝဗေဒဌာနမှ လက်ထောက်ပါမောက္ခ ဒေါက်တာ ရေချယ်မာလီဆန်က ပြောကြားသွားခဲ့သည်။

အဆိုပါသုတေသနလုပ်ငန်းမှတစ်ဆင့် ပြည်သူအခြေပြုလုပ်ငန်းများနှင့် မိမိတို့၏ သုတေသနလုပ်ငန်းများကိုလည်း ကြီးကြီးမားမား ချဲ့ထွင်လုပ်ဆောင်သွားနိုင်မည့်အပြင် အေဂျင်စီများနှင့် အများပြည်သူများကြား ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ကိုလံဘီယာမြစ်ဝှမ်းအထက်ပိုင်းရှိ ရေတွင်ပါဝင်နေသော ပိုးသတ်ဆေးနှင့် အဆိပ်အတောက်များကို လာမည့်ငါးနှစ်အတွင်း လျှော့ချနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဒေါက်တာရေချယ်မာလီဆန်က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

# ဂျာမနီနိုင်ငံတွင် ရိုင်းမြစ်ရေလျှံတက်မှုကြောင့် သင်္ဘောများဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထား

**ဘာလင် နိုဝင်ဘာ ၁၈**

ဂျာမနီနိုင်ငံ ချူစတက်မြို့ ဂိမ်းစ်ဟိုင်ကျေးလက်ဒေသအနီးရှိ ရိုင်းမြစ်တွင် မြစ်ရေလျှံတက်မှုကြောင့် မြစ်အတွင်း သင်္ဘောများဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားကြောင်း ဂျာမနီရေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရိုင်းမြစ်ရေလျှံတက်မှုကြောင့် ပြည်တွင်း၊ ပြည်ပရေကြောင်းလိုင်းအားလုံးကိုလည်း ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားပြီး မြစ်ရေပမာဏပေါ်မူတည်၍ ဖြတ်သန်းသွားလာခွင့်ကို ပြန်လည်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ဂျာမနီရေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရိုင်းမြစ်အနီးတစ်ဝိုက်တွင် မိုးရေချိန် အနည်းငယ်လျော့ကျသွားပြီဖြစ်သဖြင့် လာမည့်ရက်ပိုင်းအတွင်း ရိုင်းမြစ်ရေပမာဏ ပြန်လည်ကျဆင်းဖွယ်ရှိနေကြောင်း၊ ရိုင်းမြစ်ဝှမ်းတစ်လျှောက်လုံးအတိုင်းအတာဖြင့် ရေကြောင်းဖြတ်သန်းသွားလာခွင့်ကို ပိတ်ထားခြင်းမျိုးမဟုတ်ဘဲ ရိုင်းမြစ်ကြောင်းအလယ်ပိုင်း ရေကြောင်းကို ပုံမှန်အတိုင်း ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်း၊ သို့သော်လည်း ဂိမ်းစ်ဟိုင်ကျေးလက်ဒေသအနီးကို ဖြတ်သန်းသွားနိုင်ခြင်း မရှိသည့်အတွက် ပြည်ပရေကြောင်းလိုင်းများ ဖြတ်သန်းသွားလာရန် အဆင်မပြေတော့ဘဲ ပြည်တွင်းရေကြောင်းလိုင်းတချို့သာ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရိုင်းမြစ်ဝှမ်းသည် ဂျာမနီနိုင်ငံ၏ ဓာတ်သတ္တုများ၊ ကျောက်မီးသွေးများ၊ တိရစ္ဆာန်အစာနှင့် ဆီထွက်သီးနှံများ၊ ရေနံများ ပြည်တွင်း၊ ပြည်ပတင်ပို့ရာတွင် အဓိကကျသည့် မြစ်ဝှမ်းဖြစ်ပြီး လက်ရှိတွင် ပြည်ပရေကြောင်းလိုင်းများ ဖြတ်သန်းသွားလာရန် အဆင်မပြေသေးသည့်အတွက် ကုန်သွယ်မှုကဏ္ဍတချို့ နှောင့်နှေးကြန့်ကြာမှုများ ရှိနေကြောင်း ဂျာမနီ ရေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# မှောင်မိုက်မှာ ငို

ကိုးကိုး(ကူမဲ)



(၁)

"အား. . ."

ခြေမျက်စိကို မီးစဖြင့် ထိုးလိုက်သည့်အလား။ ပူထူသွားသည်။ ပါးစပ်မှ အာခေါင်ခြစ်၍ ကျယ်လောင်စွာ အော်လိုက်မိသည်။ ဦးနှောက်အသိမှလည်း ချက်ချင်းဆိုသလို တုံ့ပြန်လိုက်သည်က မြွေကိုက်ခံလိုက်ရခြင်းပင်။ ဦးခေါင်းထက်မှ အချပ်ရေ ၃၅ ချပ်ပါသော မြက်ဖျာလိပ်ကို ပစ်ချလိုက်ချင်သော်လည်း အသိဉာဏ်က ခွင့်မပြု။ မြက်ဖျာလိပ်ကို လယ်ကန်သင်းရိုးပေါ်တွင် အသာအယာချ၍ ခြေထောက်ကို ငုံ့ကြည့်မိသည်။ ရွှံ့များပေကျံနေသောခြေထောက်၏ ခြေမျက်စိထက်တွင် သွေးစအနည်းငယ်စို့နေ၏။ သေချာပါသည်။ ထို့ကြောင့် အဖာအထေးတို့ဖြင့် ပြည့်နေသော ခါးဝတ်ပုဆိုးကိုဖြဲ၍ ခြေမျက်စိအထက်တွင် ခပ်လျော့လျော့လေး ချည်လိုက်သည်။

ခြေစုံပစ်ထိုင်လျက် မြွေဆိုးမဖြစ်ရန်သာဆုတောင်းနေမိသည်။ မြက်ဖျာရက်လုပ်သော ရွာနှင့် ကျုပ်တို့ရပ်ကွက်ကို လယ်ကွင်းများစွာက ခြားထား၏။ ဆေးရုံဆိုလျှင် ပို၍ဝေးသေး၏။ လမ်းမှာပင် အသက်ဆုံးရှုံးသွားနိုင်သည်။ ဘေးဘီဝဲယာတွင်လည်း လူနှင့်တူသည့်အရာ တစ်ခုမျှမတွေ့ရသဖြင့် ထိုင်ပြီးဆုတောင်းနေရုံမှတစ်ပါး အခြားအားကိုးစရာမရှိ။

"ငါ အခုချိန် သေသွားခဲ့ရင်။ ငါ့မယားနဲ့ ငါ့သား၊ သမီးတွေ။ မဖြစ်ဘူး မဖြစ်ဘူး။ ငါ သေလို့ မဖြစ်သေးဘူး။ ဘုရား ဘုရား"ဆိုသည့် အတွေးရှည်ကြီးကလည်း လူကိုနှိပ်စက်နေ၏။ ထိုအခါ မျက်ဝန်းအိမ်တွင် မျက်ရည်တို့ ငွေ့ရည်ဖွဲ့၍ စိုစွတ်လာခဲ့သည်။ ကွမ်းတစ်ယာညက်သည့်မျှ အချိန်ကြာသောအခါ ထိုကြောက်လန့်မှုကို သံသယဝင်ချင်လာသည်။ ထို့ထက် အနည်းငယ် ပိုမိုကြာလာသောအခါ မြွေကိုက်သည်မှာ မဖြစ်နိုင်။ ဒဏ်ရာကိုငုံ့၍ သေချာအသေးစိတ် ပြန်လည်ကြည့်ရှုစစ်ဆေးရပြန်သည်။ ထိုအခါမှ အဖြစ်မှန်ကိုသိ၍ ငိုချင်လျက်ဖြင့် ပြုံးရယ်မိသည်။ ယခင်အနှာဟောင်းသည် ရေစို၍နူးနေစဉ် ကန်သင်းရိုးပေါ်မှ နွားအစာအတွက် အရိတ်ခံထားရသည့် မြက်ပင်ငုတ်တိုဖြင့် ထိုးမိခြင်းဖြစ်နိုင်၏။ ထိုမြက်ပင်ငုတ်တိုတွင်လည်း သွေးစတို့ ပေကျံနေသည်။ ယခုမှသာ သက်ပြင်းချနိုင်၏။ ထို့နောက် ဖိနပ်ကိုခါးကြားထိုးပြီး ဖျာလိပ်ရွက်ကာ အိမ်သို့ပြန်လာခဲ့လိုက်သည်။

(၂)

"ကျုပ်တို့ ဘာပြောင်းရောင်းကြမလဲ"

"ငါလဲ စဉ်းစားရကျပ်နေတယ်ကွာ။ ဘာရောင်းလို့ ရောင်းရမှန်းကို မသိတော့ပါဘူး။ တစ်ပတ်လောက် အချိန်ယူပြီး သေချာစဉ်းစားအုံးမယ် အမေကြီးရေ"

ကျုပ်တို့ဇနီးမောင်နှံသည် ရွာငံနှင့် ရေဦးမြို့သို့ ဈေးပတ်ရောင်းကြသည်။ ဇနီးသည်က ကြက်သွန်နီ၊ ချဉ်ပေါင်ရွက်နှင့် အခြားတိုလီမိုလီတို့ကို ရောင်းချ၏။ ကျုပ်ကလည်း မြက်ဖျာနှင့်ဆီးသီး(ဆီးကြက်ဥ)တို့ကို ဆိုင်ခွဲကာရောင်းချ၏။ မြက်ဖျာသည် ပူအိုက်သောရာသီဥတုတွင် အေး၍၊ ချမ်းအေးသောရာသီဥတုတွင် နွေးစေသည်။ ထို့ကြောင့် တောင်ပေါ်ဒေသမှ တိုင်းရင်းသားတို့သည် အလွန်နှစ်သက်ကြ၏။ အစပိုင်းတွင် အခြားမည်သူမျှမရောင်းသေးသဖြင့် မြက်ဖျာရောင်းအားသည် ကြောက်ခမန်းလိလိဖြစ်ခဲ့ရသည်။ ကျုပ်ကလည်း ဈေးသင့်ရုံသာရောင်းချ၏။ ထို့ကြောင့် မြက်ဖျာတစ်ချပ်၏ တန်ဖိုးသည် ထောင်ဂဏန်းစွန်းစွန်းသာရှိ၏။

နောက်ပိုင်းတွင် ရောင်းကောင်းမှန်းသိလာသဖြင့် ဈေးဆိုင်ကြီးများကလည်း အပြိုင်အဆိုင်တင်ရောင်းလာကြသည်။ ဈေးကွက်ကိုလည်း နှစ်ရာစ၊ သုံးရာစလျှော့၍ ရောင်းချကြသေး၏။ ငွေကြေးအရင်းအနှီး တောင့်တင်းခိုင်မာသောဆိုင်ကြီးများကို ယှဉ်ပြိုင်ရင်ဆိုင်ရောင်းချရန် မလွယ်ကူပေ။ ရေရှည်ဆိုလျှင် အရင်းပါပျောက်သွားနိုင်၏။ ထို့ကြောင့် ဈေးပတ်ပြီးသောအခါ ဇနီးသည်ကို ဆုံးဖြတ်ချက်တို့ ဖွင့်ဟရပေ၏။

"အမေကြီးရေ တို့ဈေးပတ်ရောင်းတာ နားလိုက်ကြရအောင်။ ရှေ့ဆက်ရောင်းနေရင် လုံးပါး ပါးသွားလိမ့်မယ်"

"အဲဒီ ဈေးသည်မတွေ သက်သက်ကို လူပါးဝကြတာ။ သူများဖောက်ထားတဲ့လမ်းကို ဖျက်လိုဖျက်ဆီးလုပ်တယ်။ ဈေးသည်အချင်းချင်းတောင် မျက်နှာမထောက်ကြဘူး"

"ထားလိုက်ပါတော့ကွာ။ ငါတို့မှ သူတို့လိုဈေးလျှော့မရောင်းနိုင်တာ။ ဘယ်တတ်နိုင်မလဲ"

"အဲဒါ ကျုပ်တို့ကိုတိုက်ထုတ်ချင်လို့ သက်သက်ဈေးလျှော့ရောင်းတာရှင့်။ ကျုပ်တို့ မရောင်းတော့ရင် သူတို့က ဈေးတောင်တက်ချင်တက်ရောင်းနေမှာ။ ဒါနဲ့ ရှင်က ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"နောက်တော့ သိရမှာပေါ့ကွာ"

"အမယ်လေး ဒါလေးပြောရမှာကို ပဟေဠိတွေနဲ့။ နောက်တော့လဲ သိရမှာပဲကိုတော်"

(၃)

"ပွမ် ပွမ်"

"ပူပူသည်ကြီး နေပါအုံး။ စာအုပ်အဟောင်းတွေနဲ့ လဲချင်လို့ပါ"

"ဘာစာအုပ်တွေလဲ ကလေး။ ရုပ်ပုံယူမလား၊ မရွှေးမုန့်ယူမလား"

"ဗလာစာအုပ်တွေပါ။ မရွှေးမုန့်ယူပါ့မယ်။ များများလေးပေးနော် ဦးလေး"

မလှူနိုင်လျှင် ဈေးရောင်းဆိုသည့်အတိုင်း ချို့တဲ့သော ကလေးငယ်များတွေ့တိုင်း အမြဲတမ်းလိုလို ပိုပိုသာသာထည့်ပေးမိ၏။ ပူဖောင်းနှင့် ပြုလုပ်ထားပြီး ပါးစပ်ဖြင့် လေမှုတ်ရသည့် ဟွန်းမှထွက်ပေါ်လာသော ပွမ်ပွမ်ဆိုသောအသံကိုအစွဲပြု၍ ပူပူသည်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ပူပူသည်အလုပ်(သံတိုသံစနှင့်ပစ္စည်းအဟောင်းများကို ပစ္စည်းအပေါ်မူတည်ပြီး မရွှေးမုန့်၊ ရုပ်ပုံ၊ ဆပ်ပြာ၊ ကြိုးခွေနှင့် ပိုက်ဆံ စသည်တို့ဖြင့် လဲလှယ်သည့်အလုပ်)က ပင်ပန်းသော်လည်း မိသားစုကို အူစိုစေ၏။ တစ်နေကုန် ခြေတိုအောင် တစ်ရွာဝင်၊ တစ်ရွာထွက် တွက်ခြေမကိုက်မချင်း စက်ဘီးနင်းရသည်။ စက်ဘီးပေါ်တွင်လည်း ထန်းခေါက်တောင်းတစ်လုံးပါရှိ၏။ ထိုတောင်း၏ ဘေးနှစ်ဖက်တွင် ပီနံအိတ်နှစ်လုံးက တွဲလျက်ထပ်ပါသေးသည်။ ကုန်ပစ္စည်းများအပြည့်ရလျှင် ပင်ပန်းသော်လည်း ရရှိမည့်ငွေကြေးတချို့ကြောင့် ကြည်နူးရသည်။

လုပ်ငန်းက အဆင်ပြေသော်လည်း ကျန်းမာရေးက ဖောက်လာသည်။ အသက် ၄၆ နှစ်ကျော်လာသဖြင့် ခန္ဓာကိုယ်က စိတ်သွားတိုင်းကိုယ်မပါ။ ဆန္ဒသာရှိသော်လည်း လုပ်အားက သိသိသာသာလျော့ကျလာခဲ့သည်။ သို့သော်လည်း မိသားစုတာဝန်များကို ထမ်းနိုင်သမျှထမ်းချင်သေး၏။ ဇနီးသည်က ကျုပ်ထက် ငါးနှစ်လောက်ငယ်သည်။ သူကလည်း အလကားမနေတတ်သဖြင့် ကားဂိတ်တွင် ဗန်းရွက်ဈေးသည်အဖြစ် ဈေးရောင်း၏။ သား နှစ်ယောက်နှင့် သမီး တစ်ယောက်ရှိသော်လည်း ကျောင်းထုတ်ပြီး ခိုင်းမစားရက်ပေ။ ကျုပ်တို့လင်မယားနှစ်ယောက်သာ နေပူစပ်ခါးထဲ ဒုက္ခခံကြမည်။ သား၊ သမီးတို့၏ ဘဝများကိုဖြင့် လှပစွာခြယ်မှုန်းချင်မိသည်။

(၄)

နေ့စဉ်ရက်ဆက် စက်ဘီးနင်းလာသည်မှာ ခြောက်နှစ်ကျော်လာခဲ့သည်။ အသက်အရွယ်ကြောင့် ကျန်းမာရေးကလည်း ဖောက်လာသည်။ ထို့ကြောင့် ပူပူသည်အလုပ်ကို ချစ်လျက်နှင့်လမ်းခွဲရပ်နားလိုက်ရ၏။ ကျုပ်မှာရှိသော ပိုက်ဆံတချို့နှင့် နေ့ပြန်တိုးယူ၍ တရုတ်ဆိုင်ကယ်အစုတ်လေးတစ်စီး ဝယ်ယူလိုက်၏။ ထို့နောက် မြို့လယ်ကောင်ရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် ကယ်ရီဆွဲသည့်အလုပ်ကို ပြောင်းလဲလုပ်ကိုင်သည်။ ဆိုင်ကယ်မှာ အစုတ်ဆိုသည့်အတိုင်း စတပ်(Start)မရ၊ နင်းနှိုးရသည်။ စက်သံသည်လည်း ကြားရသူအပေါင်း နားမချမ်းမြေ့စရာ။ ထိုဆိုင်ကယ်အစုတ်လေးဖြင့် ခရီးဝေးများထိရောက်ခဲ့သေး၏။ စုတ်သော်လည်း အိမ်အသုံးစရိတ်နှင့် နေ့ပြန်တိုးတို့အတွက် ဖူလုံစေ၏။

"ခရီးအဝေးတွေ မလိုက်နဲ့နော်။ ခေတ်ကာလက သိပ်ကောင်းတာမဟုတ်ဘူး အဖေကြီး"

"အေးပါကွာ စိတ်ချ၊ မလိုက်ပါဘူး"

ဇနီးသည် စိတ်ပူမည်ဆိုလည်း ပူချင်စရာ။ ကိုဗစ်ပြီးနောက်ပိုင်း အလုပ်လက်မဲ့ ပိုမိုများပြားလာခဲ့၏။ ယခုလိုကာလတွင် ပွဲလန့်တုန်း ဖျာခင်းတတ်သည့် လောင်းကစားဝိုင်းများ ရပ်ကွက်တိုင်းလိုလို အစီအရီဖြစ်လာသည်။ ပိုဆိုးသည်က ဆိုင်ကယ်လုယက်မှုများပင်။ ဆိုင်ကယ်တင်မယူ၊ လူကိုပါ ရန်မူတတ်သေး၏။ ပြီးခဲ့သော နှစ်ပတ်ကလည်း ကျုပ်တို့ဂိတ်က ကုလားလေးဆိုသူကို ရိုက်၍ ဆိုင်ကယ်လုယူသွားသေးသည်။ ထို့ကြောင့် ခရီးအဝေးများလိုက်ရန်ကို ဂိတ်ကလူများ ကြောက်ရွံ့နေတတ်ကြသည်။

"အမေ၊ သမီးကို လွယ်အိတ်ဝယ်ပေးအုံး။ ဒီလွယ်အိတ်ကြီးက စုတ်ပြဲနေပြီ"

"သမီးရယ် မေးလွယ်ပါအုံးနော်။ တစ်နေ့ ထမင်းသုံးနပ် နပ်မှန်ဖို့တောင်မှ မနည်းကြိုးစားရှာဖွေနေရတာ။ စုတ်ပြဲနေလဲ အမေ ဖာပေး၊ ချုပ်ပေးမယ်နော်"

ယခုကာလတွင် လူတိုင်းမပြေလည်ကြပါ။ ကျုပ်တို့လို အခြေခံလူတန်းစားများသည် ပိသာလေးနှင့်နံဘေးပစ်ခံရသလို ပို၍အလူးအလဲခံစားကြရသည်။ ဇနီးသည်နှင့် သမီးငယ်တို့ပြောနေသောစကားများက ကျုပ်အသည်းနှလုံးကို ဖိဆုပ်ညှစ်နေသည့်အလား။ ဖြစ်နိုင်လျှင် ယခုပင်ထ၍ ပြေးဝယ်ပေးလိုက်ချင်သည်။ ထိုလွယ်အိတ်လေးသည် အလတ်ကောင်ဆီမှ သမီးငယ်ထံလွှဲပြောင်းယူခဲ့သည်မှာ နှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ။ ကျုပ်တို့လို မရှိဆင်းရဲသားများ၏မိသားစုဝင်တိုင်းသည် ပစ္စည်းတစ်ခုကို လက်ဆင့်ကမ်းပြောင်းလဲသုံးစွဲရ၏။ ထိုအခြင်းအရာမှာလည်း ရိုးရာဓလေ့တစ်ခုလိုဖြစ်နေ၏။

(၅)

"ဦးလေး ကယ်ရီငှားမလို့။ အားလားဗျ"

"အားပါတယ် ငါ့တူ။ ဘယ်လိုက်ပို့ရမလဲ"

"ပြင်ဦးလွင် အနီးစခန်းမရောက်ခင်နားက ကျောက်ဖျာဒိုးရွာကိုပါ"

"ဟာ မိုးချုပ်ခါနီးပြီ။ ခရီးအဝေးကြီးဆို မလိုက်တော့ဘူး။ အခြားလူ ရှာလိုက်ပါကွာ"

"ကျွန်တော် ဦးလေးဆီမှာ တစ်ခါငှားဖူးတယ်လေ။ မှတ်မိလား မသိဘူး။ ကျွန်တော့်အမေ ဆေးရုံတင်ထားရတာမို့လို့ အရေးကြီးလို့ပါခင်ဗျာ။ ကယ်ရီကလဲ ငှားမရလို့ပါ။ ငါးသောင်းပေးပါ့မယ်။ ကူညီပါနော် ဦးလေးရယ်"

ညနေ ၅နာရီခွဲနေသော်လည်း ပြီးခဲ့သော တစ်ပတ်ကမှ ကျောက်ဆည်ကို လိုက်ပို့ဖူးသောကြောင့်လည်းကောင်း၊ အကူအညီတောင်းသည်ကို အားနာသောကြောင့်လည်းကောင်း လိုက်ပို့ရန် ခေါင်းညိတ်လိုက်၏။ ငွေပမာဏ ငါးသောင်းကျပ်ကြောင့် လက်ခံလိုက်သည်ဆိုလျှင် ပို၍မှန်ကန်လိမ့်မည်။ နံနက်က သမီးငယ်၏ဆန္ဒကို ဖခင်တစ်ယောက်အနေဖြင့် အမြန်ဆုံး ဖြည့်ဆည်းပေးချင်မိသည်။ နှစ်ယောက်သား စကားတပြောပြောဖြင့် မောင်းလာခဲ့ကြသည်။ အုန်းချောတွင် ဆိုင်ကယ်ဆီအပြည့်ဖြည့်၍ ဆက်လက်မောင်းလာခဲ့သည်။ နာရီဝက်ခန့် ကြာသောအခါ အအေးဓာတ်ကြောင့်ထင်သည် အဆစ်အမြက်များ နာကျင်ကိုက်ခဲလာသည်။ ယခင် စက်ဘီးနင်းတုန်းက ဒဏ်တို့ကြောင့်လည်း ဖြစ်မည်။

"ငါ့တူ ဦးလေး ခြေဆစ် လက်ဆစ်တွေ ကိုက်ခဲလာလို့ ဦးလေးနားအုံးမယ်နော်။ မင်းလဲ အပေါ့လေး ဘာလေး သွားပေါ့ကွာ"

စာမျက်နှာ ၂၅ သို့ ➤

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၄၉၉ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ပုတော နိုဝင်ဘာ ၁၈**

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၄၉၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၄၉၉ ဧကကို လာမည့် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်းသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်းသီးနှံ လျာထားဧကရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အခုနှစ် စားဖိုဆောင်းသီးနှံ ၂၄၉၉ ဧကထိ လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့အသီးအနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့က အဓိကဖြစ်ပါတယ်။ စားဖိုဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်အသီးအနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်းသီး၊ သခွားသီး၊ ကန်စွန်းပင်၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်သီး စသည့် သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် ပြန်လည်ရိတ်သိမ်းချိန်ထိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းတုံမြို့နယ် စမ်းသီတာ(၅)မိုင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းတုံ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်ကျေးရွာအုပ်စု စမ်းသီတာ(၅) မိုင်ကျေးရွာ၌ ပထမအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက စမ်းသီတာ(၅)မိုင် ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စမ်းသီတာ(၅) မိုင်ကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စီမံကိန်းမှ ၇၅ ရာခိုင်နှုန်း၊ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ၂၅ ရာခိုင်နှုန်းထည့်ဝင်ကာ ပထမအကြိမ်အဖြစ် စီမံကိန်းချေးငွေ ကျပ်သိန်း ၂၄၀ ကို စိန်မိုင်းတုံအဖွဲ့၊ စိမ်းလန်းမြေအဖွဲ့၊ ရတနာစမ်းအဖွဲ့နှင့် စိမ့်စမ်းသီတာအဖွဲ့ စုစုပေါင်း နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အစုအဖွဲ့လေးဖွဲ့ကို အဖွဲ့တစ်ဖွဲ့ လျှင် ငွေကျပ်သိန်း ၆၀ စီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**



➤ စာမျက်နှာ ၂၄ မှအဆက်

"ရတယ် ဦးလေး။ အေးဆေးနားပါဗျ"

ကျုပ်လည်း အနီးအနားလမ်းလျှောက်ပြီး အပေါ့သွားနေတုန်း မောင်မင်းကြီးသားက ဆိုင်ကယ်မောင်း၍ ပြေးသွားလေ၏။ ကျုပ်၏ ပေါ့လျော့မှုကြောင့် ဆိုင်ကယ်သော့ကို ဖြုတ်မထားခဲ့မိချေ။ ပိုဆိုးသည်က ဆိုင်ကယ်တူးဘောက်ထဲတွင် လက်စွဲတော်ဖုန်းအစုတ်လေး ပါသွားခဲ့ခြင်းဖြစ်သည်။ ထိုဆိုင်ကယ်အစုတ်လေးကို ခြစ်ခြစ်ကုတ်ကုတ်စုဆောင်းထားသောငွေကြေးတချို့နှင့် နေ့ပြန်တိုးယူ၍ စုပေါင်းဝယ်ထားရသဖြင့် အလွန်နှမြောမိသည်။ ထို့ထက်ဆိုးသည်က နေ့ပြန်တိုးဆပ်ရန်ကိစ္စပင်။ အိမ်ကိုပြန်ရန် တွေ့သမျှကားနှင့်ဆိုင်ကယ်များကို အကုန်လက်ပြတားရသည်။ ခေတ်ကာလနှင့် အချိန်အခါကြောင့်ထင်သည် မည်သည့်ယာဉ်မျှ မရပ်ပေးကြပေ။ ရပ်စောင့်ပြီး ကားတားနေလျှင် မိုးလင်းသွားနိုင်သည်။ ထို့ကြောင့် ခရီးရောက်သလောက် လမ်းလျှောက်သွားလျက် ကားများ၊ ဆိုင်ကယ်များလာလျှင် ရပ်၍တားရပြန်သည်။ မရပ်ပေးသဖြင့် ဆက်လက်လမ်းလျှောက်ရပြန်၏။ ညသည်လည်း မှောင်ရာမှ မည်း၊ မည်းရာမှ တဖြည်းဖြည်း ညဉ့်နက်လာခဲ့သည်။ လမ်းလျှောက်ရသည်မှာလည်း အချိန်ကြာမြင့်လာခဲ့သည်။ နေ့ပြန်တိုးကိစ္စနှင့် မိသားစုစားဝတ်နေရေးအတွက် တွေးမိသောအခါ မျက်ရည်ဥတို့က အလိုလိုစီးကျလာသည်။ စီးကျလာသောမျက်ရည်များကိုသုတ်ကာ လမ်းဆက်လက်လျှောက်လာခဲ့သည်။

အဆင်းဘီးတပ်ပေးလိုက်သလို ဆီအပြည့်ဖြည့်ပြီး ဖုန်းပါထည့်ပေးလိုက်မိသည်။ လူကို အန္တရာယ်မပြုခဲ့သည့်အတွက် မောင်မင်းကြီးသားကို ကျေးဇူးပြန်တင်ရမလို။ ကိုယ့်အဖြစ်ကိုတွေးရင်း ငိုရာမှ ပြုံးရယ်ချင်လာမိ၏။ သို့သော် ကျုပ်ဝင်ငွေပေါ်တွင် အဓိကမှီခိုနေရသော မိသားစုအတွက် စိတ်ပူမိသောကြောင့် မပြုံးရယ်နိုင်ပါ။ ညဉ့်နက်လာသောအခါ အအေးဓာတ်သည် ခန္ဓာကိုယ်တစ်ခုလုံး ကိုက်ခဲလာသည်ထိ နှိပ်စက်နိုင်သော်လည်း ရင်ထဲမှအပူလှိုင်းများကိုကား ငြိမ်းပေးနိုင်စွမ်းမဲ့နေရှာ၏။ ထို့နောက် လ မသာသလို မီး မပါသဖြင့် မှောင်မိုက်နေသော ကတ္တရာလမ်းမကြီးထက်တွင် တစ်ယောက်တည်း လမ်းလျှောက်လျက် ဆက်လက်ငိုရပေအုံးမည်။

## တွဲထားလက် အမြဲဆက်ပါ

\- ပြည်အရေးပါကွဲ့
အတည်မနေနဲ့ ညီညီညာ၊
ပေါင်းစုညီ သွေးစည်းလုံးလို့
မုန်းခြင်းဖယ်ခွာ၊
တွဲထားလက် မြဲဆက်ကာ
နွဲ့လျက်သာ ပြည်အကျိုး၊
မရှောင်သွေ မဖယ်ရှားဘဲ
ကြိုးစားသယ်ပိုး။

\- မြန်မာသွေး မြန်မာမျိုး
မြတ်နိုးကွဲ့ အမျိုးစစ်မှန်၊
အမျိုးဂုဏ် မြင့်မားရေးအား
တွေးဆထိပ်ပန်၊
အစဉ်သဖြင့် အဖိုးတန်
တန်ခိုးလျှံ တည်ထွန်းတောက်၊
မဆိုင်းညီညာ
သမိုင်းတည်ရာ မြန်မာများရယ်လို့
တင်ထားမှတ်ကျောက်။

\- မြန်မာ့ဂုဏ်မောက်ပါလို့
မကြောက်ပါနဲ့ ထာဝစဉ်၊
တို့တစ်တွေ ညီညာကြတော့
လှပပြည်ခွင်၊
ကြုံဆုံသည့် အန္တရာယ်ပင်
ဖယ်ခွာကြဉ် ကင်းစေရေး၊
ညီညာစေ
ပြည်သာပေ တူလက်တွဲလို့
မြဲဆက်မယ်လေး။ ။

**ခင်မောင်မြင့်**

# ငဖဲမြို့နယ် ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဇီးတောကျေးရွာအုပ်စု ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားခဲ့ပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရှောက်ဝကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၁ သိန်း စုစုပေါင်းငွေကျပ် ၁၇၁ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ငင်မာ**

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေ



**မအူပင် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် အာလူးများပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါ အာလူးများ နိုဝင်ဘာလ ပထမပတ်ကစတင်၍ သိသိသာသာ အရောင်းအဝယ်ကောင်းလာပြီး လက်ရှိ အာလူးပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ ဧရာဝတီတိုင်းဒေသကြီးဘက်ကို အာလူးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဒါပေမဲ့ ဒီနှစ်အာလူးတွေအထွက်နှုန်းနည်းနေပါတယ်။ လက်ရှိ ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၄၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ အလျှုအတန်းတွေ များလာတာနဲ့ အမျှ အာလူးအရောင်းအဝယ်ကကောင်းနေပါတယ်။ လက်ရှိ တစ်ရက်ကို အာလူးပိဿာချိန် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ အာလူးပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အာလူးများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် အာလူးစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ စသည့်လုပ်ငန်းများအခွင့်အလမ်းကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နေရကြောင်း ဒေါ်သူအောင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် မုံနှစ်ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဥတ္တရသီရိမြို့နယ် မုံနှစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုး ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်မွန်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မုံနှစ်ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဥတ္တရသီရိမြို့နယ် မုံနှစ်ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၂၆၄၀ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၈ ဒသမ ၈၈၇ သိန်းအသုံးပြု၍ မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးလင်းက ပြောပြ၍ သိရသည်။

**သူသူ**

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးပြီးစီး

**ခန္တီး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ ၈၂၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် မိုးစပါးသီးနှံဧက ၈၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ မိုးစပါးသီးနှံ ၈၂၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ မိုးစပါးဧက ၈၃၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသီးနှံ စိုက်ပျိုးရာသီမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့တယ်။ မိုးစပါးသီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်နဲ့တစ်နှစ်တိုးလာပါတယ်" ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စုစုခိုင်က ပြောပြသည်။



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ခန္တီးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများသုံးစွဲတတ်လာရေး နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် သက်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက်လယ်ကျေးရွာအုပ်စု သက်လယ်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပကြောင်း သိရသည်။

ဈေးဦးစွာ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က သက်လယ်ကျေးရွာရှိ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်း၊ အတိုးနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးအရင်းငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင့်ထွန်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက သက်လယ်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံစီမံကိန်းရန်ပုံငွေကျပ် ၁၀၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သက်လယ်ကျေးရွာမြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၁၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# မံစီမြို့နယ် မံသဲကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မံစီ နိုဝင်ဘာ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မံသဲကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးတန်ဂျိုးနှင့် တာဝန်ရှိသူများက ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၂၀၅ ဒသမ ၀၅၉သန်းဖြင့် ဆောင်ရွက်သည့် မံသဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မံစီမြို့နယ် မံသဲကျေးရွာတွင် အရှည်ပေ ၁၇၀၀၊ အကျယ် ၁၈ ပေ၊ အမြင့်နှစ်ပေ ကုန်ထုတ်လမ်းမြေသားတာပေါင်မြှင့်တင်ခြင်းလုပ်ငန်း၊ အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ သဲကျောက်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ဟသတ ကုမ္ပဏီက ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် မြို့ပေါ်ဈေးကွက်အရောက်တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မံစီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ခေဦး(မောရှမ်းမြေ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ထူးမြတ်ပါသည့် လတန်ဆောင်တိုင်

"မြေးတို့ရေ. . . လိုက်ကြအုံးမလား"

အိမ်ရှေ့မှာ ရွှေသွေးစာစောင် ဖတ်နေကြတဲ့ ပေါက်စီလုံးတို့မောင်နှမကို ဘိုးဘိုးက လှမ်းမေး လိုက်ပါတယ်။

"ဘယ်သွားမလို့လဲဘိုးဘိုး"

"ဘိုးဘိုးတို့ရပ်ကွက်က ဘုံကထိန်အတွက် ဓမ္မာရုံ မှာ ကထိန်သင်္ကန်း သွားပြီးလှူမလို့ကွဲ့မြေးတို့ရဲ့"

"လိုက်မှာပေါ့ဘိုးဘိုးရဲ့"

ဘိုးဘိုးနဲ့အတူ လိုက်ဖို့ပြင်ဆင်ရင်း-

"မနေ့က သားကျောင်းကအပြန် ဓမ္မာရုံထဲမှာ ကထိန်ပဒေသာပင်တွေမြင်ခဲ့တယ်ဘိုးဘိုးရဲ့။ ပဒေသာ ပင်တွေ ပြင်ဆင်ထားတာ တော်တော်လှတယ်ဘိုးဘိုး" လို့ ပေါက်စီလုံးက ပြောပြနေပါတယ်။

"ဟုတ်တယ်ဘိုးဘိုး။ ကထိန်အတွက်လှူထားကြ တာအများကြီးပဲ။ ပန်းပွင့်တောင် စဉ်းစားနေတာ ကထိန်အလှူတော်အတွက် ဘာလှူရင်ကောင်းမလဲလို့။ အခု ဘိုးဘိုးက သင်္ကန်းသွားလှူမှာဆိုတော့ ပန်းပွင့် ဆန္ဒပြည့်ပြီး ကုသိုလ်တွေရတော့မှာပေါ့"

ပန်းပွင့်စကားကို နားထောင်နေတဲ့ ဘိုးဘိုးက-

"ငါ့မြေးတို့ ကုသိုလ်တွေရအောင်လို့ သင်္ကန်းသွား လှူတာ လိုက်ကြဖို့ခေါ်တာပေါ့ကွဲ့"

"မသွားခင် သမီးတို့သိချင်တာလေးတွေ ဘိုးဘိုး ကိုမေးပါရစေ"

"ငါ့မြေးက ဘာသိချင်တာလဲကွဲ့။ မေးလေ ဘိုးဘိုး ပြောပြမှာပေါ့"

"ဒီလိုပါဘိုးဘိုး။ ကထိန်ပွဲတော်ဖြစ်ပေါ်လာပုံ အကြောင်း သိချင်တာပါ"

"အင်းဒီလိုကွဲ့ မြေးတို့ရဲ့။ ဘိုးဘိုးတို့ရဲ့မြတ်စွာ ဘုရားရှင်က အနာထပိဏ်သူဌေးကြီး လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေချိန်မှာ သုံးကျိပ်သောရဟန်းတော်တွေက ဘုရားရှင်ကိုဖူးမြော် ဖို့အတွက် ဝေးလံတဲ့သူတို့သီတင်းသုံးရာ ပါဝေယျတိုင်း အရပ်ကနေ ခရီးထွက်ခဲ့ကြတယ်ကွဲ့။ ဪ. . . ဒါနဲ့ သုံးကျိပ်ဆိုတဲ့စကားကို မြေးတို့သိကြတယ်မဟုတ်လား"

"သိပါတယ်ဘိုးဘိုး။ ရဟန်းတော်အပါး ၃၀ ပါဘိုးဘိုး"

"ဟုတ်တယ်ကွဲ့။ ဒါနဲ့ဆက်ပြောရရင် ရဟန်းတော် တွေလာရတဲ့ခရီးက အလွန်ဝေးကွာသလို လာတဲ့ အချိန်ကလဲ မိုးတွင်းကာလဖြစ်တာကြောင့် ရဟန်း တော်တွေရဲ့သင်္ကန်းတွေဟာ ရွှံ့တွေနဲ့ညစ်ပတ်နေတာ



ပေါ့ကွယ်။ ဒါကို မြင်တော်မူတဲ့မြတ်စွာဘုရားရှင်က ရဟန်းတော်တွေအတွက် ကထိန်သင်္ကန်းခင်းလှူခြင်းကို ခွင့်ပြုခဲ့ရာက အခုလို ကထိန်ပွဲတော်တွေဖြစ်ပေါ်လာ ခဲ့တာကွဲ့"

"ဟုတ်ကဲ့ပါဘိုးဘိုး"

"ပြီးတော့ မြေးတို့သိထားရအောင်ပြောပြအုံးမယ်။ ကထိန်သင်္ကန်းလှူဒါန်းသူတွေ ရရှိတဲ့အကျိုးတရားတွေ က သွားလေရာမှာဘေးအန္တရာယ်ကင်းတယ်။ ကိုယ် ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို သူတစ်ပါးမဖျက်ဆီးနိုင်ဘူး။ စားစရာတွေ ပေါများပြီး စားသမျှဘေးမဖြစ်ဘူး။ ကိုယ့် ပစ္စည်းတွေကို အချိန်အကြာကြီး မေ့ထားလဲမပျောက် ဆုံးဘူး။ ပစ္စည်းဥစ္စာတွေလဲ အများကြီးရမယ်။ ပြီးတော့ ချုပ်ရည်တွေလဲ ချောမောလှပမယ်ကွဲ့"

"ဒါဆို အခုသားတို့ရမဲ့ အကျိုးတရားတွေက အများကြီးပဲနော်ဘိုးဘိုး" ပေါက်စီလုံးရဲ့စကားကို ဘိုးဘိုးက သဘောကျစွာရယ်နေပါတယ်။

"ကထိန်သင်္ကန်းကပ်လှူခွင့်ရတဲ့ တန်ဆောင်မုန်းလ က တကယ့်ကိုထူးမြတ်တဲ့လပေါ့နော်ဘိုးဘိုး။ သာမညဖလအခါတော်နေ့လို့ခေါ်တဲ့ တန်ဆောင်မုန်းလပြည့်ည မှာလဲ တန်ဆောင်တိုင်မီးထွန်းပွဲကြီး ကျင်းပတယ်။ ပြီးတော့ မြတ်စွာဘုရားကိုရည်မှန်းပြီး မသိုးသင်္ကန်းတွေ လဲ ရက်လုပ်ဆက်ကပ်ပူဇော်ကြတယ်နော် ဘိုးဘိုး"

ပန်းပွင့်ကို ဘိုးဘိုးက ခေါင်းညိတ်ပြပြီး-

"တန်ဆောင်မုန်းလပြည့်ညမှာ မီးထွန်းပွဲတော်ဖြစ် ပေါ်လာပုံကို အရင်က ဘိုးဘိုးပြောပြဖူးတယ်။ မှတ်မိ ကြသေးလား"

"မှတ်မိတာပေါ့ဘိုးဘိုးရဲ့"

မောင်နှမနှစ်ယောက်စလုံး ဘိုးဘိုးရဲ့အမေးကို ပြိုင်တူဖြေလိုက်ကြပါတယ်။ ပြီးတော့မှ ပန်းပွင့်က-

"တန်ဆောင်မုန်းလပြည့်နေ့မှာ အဇာတသတ် မင်းကြီးက ဆေးဆရာကြီးဇီဝကရဲ့ အကူအညီနဲ့ မြတ်စွာဘုရားသီတင်းသုံးတော်မူရာကို ညချမ်းအချိန် ဖူးမြော်ဖို့သွားရာမှာ အခြွေအရံပရိသတ်တွေ အားလုံးက မီးရှူးမီးတိုင်အလင်းရောင်တွေ ထွန်းညှိ သွားခဲ့ကြရာက တန်ဆောင်မုန်းလပြည့်ညမှာ မီးထွန်း ပွဲတော်ကြီး ဖြစ်ပေါ်လာခဲ့တာပါဘိုးဘိုး"

"ဟုတ်တယ်ကွဲ့ မြေးတို့ရဲ့။ ငါ့မြေးတို့က တော် လိုက်တာ။ ဘိုးဘိုးပြောပြသမျှ အကုန်မှတ်ထားတော့ ဘိုးဘိုးပြောပြရကျိုးနပ်တာပေါ့။ နောက်ပြီး မြေးတို့ သိထားသမျှကိုလဲ မသိသေးတဲ့သူငယ်ချင်းတွေကို ပြန် ပြောပြကြကွဲ့။ ဒါမှ တို့မြန်မာလူမျိုးတွေရဲ့ တစ်ဆယ့်နှစ် လပွဲတော်တွေရဲ့အကြောင်းကိုသိပြီး တန်ဖိုးထားတတ် ကြမှာ။ ပြီးတော့ ကုသိုလ်ကောင်းမှုတွေလဲလုပ်ကြမှာကွဲ့"

"စိတ်ချပါဘိုးဘိုး။ သားတို့ပြောပြပါမယ်"

"လိမ္မာတဲ့မြေးတို့ကို ဘိုးဘိုးကကျေးဇူးတင်ပါတယ်။ ကဲ အခုတော့ ဘိုးဘိုးတို့မိသားစု ကုသိုလ်တွေယူဖို့ ကထိန်သင်္ကန်းသွားလှူဒါန်းကြစို့"

"ဟုတ်ကဲ့ပါဘိုးဘိုး"

ပေါက်စီလုံးတို့မိသားစုတွေအားလုံး ပျော်ရွှင်ကြည် နူးစွာနဲ့ ကထိန်သင်္ကန်းလှူဒါန်းဖို့ သွားကြပါတော့တယ်။

ကလေးတို့အားလုံးလဲ ထူးမြတ်တဲ့လတန်ဆောင် တိုင်မှာ ပျော်ရွှင်စွာ ကုသိုလ်ကောင်းမှုတွေ ပြုနိုင် ကြပါစေ။


**ယဉ်မျိုးနွယ်(လိပ်ဆံခွန်)**

## လမ်းလျှောက်ကြမယ်

◆ ဆောင်းရာသီသို့ ရောက်ပါပြီ
လမ်းလျှောက်ကြပါမည်၊
နှင်းမှုန်ဝေစီ ချမ်းအေးလှ
လေ့ကျင့်ခန်းလုပ်ကြ။

◆ စောစောလေးထ ပြေးလွှားမယ်
ဝီရိယထားကွယ်၊
ကျန်းမာဖို့ရယ် တို့လှုပ်ရှား
လှမ်းကြပါစို့ဗျား။ ။

**မောင်မျိုးချစ်(အညာဇမြ)**




## တာဝန်ကိုယ်စီ

◆ လူ့ရွာလောက အလယ်မှာ
ညီကိုသုံးယောက်ဟာ၊
တာဝန်ကျေစွာ ထမ်းဆောင်ရ
မရပ်မနားကြ။

◆ အငယ်ဆုံးက စက္ကန့်ပါ
"ဂျောက်ဂျက်"သွားလို့သာ၊
အလတ်ကောင်ဟာ မိနစ်လေး
တရွေ့ရွေ့တော့ပြေး။

◆ အကြီးကောင်လေး ကိုနာရီ
ထိုင်မြဲထိုင်နေသည်
ထင်ကြမည်ဆို လွဲမှာပေါ့
သူလည်း ဖွဲမလျှော့။ ။

**အတူး(ပညာရေး)**



# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ရှေးဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**


| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်၁၂နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ယခုနှစ် အောက်တိုဘာလတွင် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မူဆယ်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့


မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယခုနှစ် အောက်တိုဘာလတွင် မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းနှင့်ဇုန်များအနက် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မူဆယ်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယခုနှစ် အောက်တိုဘာလက နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ဇုန်စုစုပေါင်း ၁၇ ခုက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ဇုန်များအနက် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မူဆယ်နှင့် မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလတွင် မြန်မာ-ထိုင်းနယ်စပ်ဒေသရှိ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၈၉ ဒသမ ၁၈၉ သန်းဖြင့် ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ-တရုတ်နယ်စပ်ဒေသရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၈၃ ဒသမ ၂၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အတူ မြန်မာ-ထိုင်းနယ်စပ်ဒေသရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ကလည်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၇၃ ဒသမ ၉၅၄ သန်းဖြင့် ကုန်သွယ်မှုပမာဏ တတိယအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကလည်း အဆိုပါကုန်သွယ်မှု ပမာဏအများဆုံးဆောင်ရွက်နိုင်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်း သုံးခုအနက် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၇၃ ဒသမ ၈၁၄ သန်းဖြင့် ကုန်သွယ်မှုပမာဏအများဆုံး၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၄၆၇ ဒသမ ၉၁၉ သန်းဖြင့် ဒုတိယအများဆုံးနှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၄၄ ဒသမ ၉၇၇ သန်းဖြင့် ကုန်သွယ်မှုပမာဏ တတိယအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# စလင်းမြို့နယ် စေသူ့ရှင်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စေသူ့ရှင်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စေသူ့ရှင်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများအားလုံး သတ်မှတ်ထားသောစံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စေသူ့ရှင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၃၇၀၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက စေသူ့ရှင်ကုန်းကျေးရွာရှိ အိမ်ခြေ ၉၈ အိမ်မှ လူ ၃၈၉ ဦး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များအတွက် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ငယ်လေး

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၀ | ၂၁၄၀ | ၂၂၄၀ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၂၈၆၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၁ | ၂၀၇၄ |
| 95 Ron | ၂၁၂၉ | ၂၂၀၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# တဟုန်ဖန်

၁။ **တရုတ်စကားပြန်** ကျား (၂)ဦး / မ (၂)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း၊
- လစာ(ညှိနှိုင်း)

၂။ **Marketing** ကျား (၄)ဦး / မ (၄)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း၊
- လစာ၊ အခြေခံ + % + နှစ်တိုး
- ကိုယ်ပိုင်ဆိုင်ကယ် (က)လိုင်စင်ရှိရမည်။

၃။ **စာရင်းကိုင်** မ (၂)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း
- လစာ၊ အခြေခံ + % + နှစ်တိုး

ဖုန်းနံပါတ်- 09-975190639 , 09-789393768
လိပ်စာ - ၆၂ လမ်း၊ ၁၁၀×၁၁၁
- CV Form အပြည့်အစုံနှင့် လူကိုယ်တိုင်လာရောက်ရန်

# အမည်ပြောင်း

မန္တလေး၊ အမရပူရမြို့၊ နဂါးဝင်းအခြေခံပညာမူလတန်းလွန်ကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးရာဇာဋ္ဌေးဝင်း (၆/ရဖန(နိုင်)၀၄၇၄၁၀) ၏သား မောင်မီရ အား မောင်ကျော်ဇောဟိန်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်ဇောဟိန်း**

ပျောက်ဆုံးကြောင်း
ယင်းမာပင်မြို့နယ်နေ မစန္ဒာသင်း (ဘ) ဦးစန်းရွှေ (၅/ယမပ(နိုင်)၁၁၃၀၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-680198)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၃၅၀၅၅၈၇

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**စာပေ မြင့်မှ လူမျိုး တင့်မည်**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ မောင်တို့မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုစုပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည်အောင် သင်ကြားပေးကြရန်လို...

❖ ထိုသို့ သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့်ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်...

❖ ထို့ပြင် လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကိုသာ သင်ကြားပေးရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များ၊ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုပြီး ရပေါင်းမှတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များကို အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ယနေ့နံနက်ပိုင်းတွင်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ စာမျက်နှာ - ၁၉

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စက)တို့ ကြံခင်းမြို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက် စာမျက်နှာ - ၁၆

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၈-၁၁-၂၀၂၃)

| | | | | |
|---|---|---|---|---|
| ကျောက်တော် | ၇ | ဒသမ | ၂၅ | လက်မ |
| ပုဏ္ဏားကျွန်း | ၄ | ဒသမ | ၇၆ | လက်မ |
| ထီးလင်း | ၄ | ဒသမ | ၃၆ | လက်မ |
| မြောက်ဦး | ၄ | ဒသမ | ၂၈ | လက်မ |
| မြေပုံ | ၄ | ဒသမ | ၂၈ | လက်မ |
| မင်းပြား | ၄ | ဒသမ | ၂၄ | လက်မ |
| ဘူးသီးတောင် | ၄ | ဒသမ | ၂၁ | လက်မ |
| ရေဦး | ၃ | ဒသမ | ၃၈ | လက်မ |
| မိုးကုတ် | ၃ | ဒသမ | ၃၈ | လက်မ |
| ကျောက်ဖြူ | ၃ | ဒသမ | ၂၃ | လက်မ |

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..